ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 31 December 2024 ၁၁၆၈၈

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

**သက်တမ်းရင့်လွတ်လပ်ရေးနှင့် ပြည်သူများ၏ ဆန္ဒမီးရှူးတိုင်**
ဆောင်းပါး စာမျက်နှာ » ၆

**ဘားအံမြို့၌ ကရင်အမျိုးသား နှစ်သစ်ကူးနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ**
စာမျက်နှာ » ၉

**ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများသို့ ကန်ဒေါ်လာ ၈ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များတင်ပို့**
စာမျက်နှာ » ၂၃

# ပေါင်းတည်မြို့၌ နွေစပါး ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

ပေါင်းတည် ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွက် နွေစပါးဧက ၂၆၀၁၀ စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❃



ပေါင်းတည်မြို့နယ်ရှိ နွေစပါးစိုက်ပျိုးမြေများသို့ ရေပေးဝေလျက်ရှိသည့် ဝဲကြီးရေလှောင်တမံကို တွေ့ရစဉ်။



သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ လာရောက်စမ်းသပ်ကုသသည့် မျက်စိဝေဒနာရှင်များကို ဒီဇင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

# သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ မျက်စိအလင်းအလှူ စုစုပေါင်း ကိုးကြိမ်တွင် ၁၁၃၆၄ ဦးအား စမ်းသပ်ပေးခဲ့ပြီး ၃၇၅၉ ဦးအား အလင်းရောင် ဖွင့်ပေးခဲ့

ရန်ကုန် ဒီဇင်ဘာ ၃၀

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ မျက်စိအလင်းအလှူ စုစုပေါင်း ကိုးကြိမ်တွင် ၁၁၃၆၄ ဦးအား စမ်းသပ်ပေးခဲ့ပြီး ၃၇၅၉ ဦးအား အလင်းရောင်ဖွင့်ပေးခဲ့ပြီဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံကြီးမှ ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကိုးကြိမ်မြောက်အနေဖြင့် မျက်စိဝေဒနာရှင် ၅၀၅ ဦးအား စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ၃၉၁ (ခွဲစိတ် ၃၈၇ + လေဆာ ၄ ) ဦးအား ခွဲစိတ်ကုသ အလင်းရောင်ပေးလှူခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မေ ၅ ရက် ပထမအကြိမ်မှစတင်၍ ယခု ကိုးကြိမ်မြောက်အထိ လူဦးရေ စုစုပေါင်း ၁၁၃၆၄ ဦးအား စမ်းသပ်ပေးခဲ့ပြီး ခွဲစိတ်ကုသသူ ၃၅၄၄ ဦးနှင့် လေဆာဖြင့် ကုသသူ ၂၁၅ ဦး စုစုပေါင်း ၃၇၅၉ ဦးအား အလင်းရောင် ဖွင့်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✰

ကြေးမုံ

# ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး လွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်

မြန်မာနိုင်ငံသည် သမိုင်းမတင်မီကာလမှစ၍ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသောနိုင်ငံဖြစ်ခဲ့သည်။ သယံဇာတပေါများကြွယ်ဝပြီး တိုင်းရင်းသားလူမျိုးများသည် တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဝေသာလီ၊ သုဝဏ္ဏဘူမိ စသည့် မြို့ပြများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ရာပေါင်းများစွာကပင် ကိုယ့်ယဉ်ကျေးမှုနှင့် ဂုဏ်ယူစွာနေထိုင်ခဲ့ကြသည်။

မြို့ပြနိုင်ငံတည်ထောင်ခြင်းမှ တစ်ဆင့်တက်၍ အင်အားကြီးသည့် နိုင်ငံတော်ကြီး တည်ထောင်နိုင်ခဲ့သည်။ ပုဂံကိုဗဟိုပြု၍ အနော်ရထာမင်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းသုံးရာနီးပါး တည်တံ့ခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုတို့ တောင့်တင်းခိုင်မာခဲ့သည်။ ၁၆ ရာစု ဘုရင့်နောင်မင်းတရားကြီးလက်ထက်၌ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ကာ ရွှေဘိုကိုအခြေပြု၍ ဦးအောင်ဇေယျ ဦးဆောင်ပြီး တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ပြန်သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျတည်ထောင်သည့် ကုန်းဘောင်မင်းဆက်နောက်ပိုင်း ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားပြီး ရခိုင်နှင့် တနင်္သာရီနယ်မြေများ ဆုံးရှုံးခဲ့ရသည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားပြီး အောက်မြန်မာနိုင်ငံတစ်ခုလုံးအပါအဝင် အထက်မြန်မာနိုင်ငံ မြေထဲမြို့အထိ ဆုံးရှုံးခဲ့ရပြန်သည်။ ကုန်းဘောင်နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွားပြီး နိုဝင်ဘာလ ၂၉ ရက်နေ့ညနေတွင် မင်းမိဖုရားနှစ်ပါးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ထိုနေ့သည် မြန်မာတို့မမေ့နိုင်သော နေ့တစ်နေ့ဖြစ်သည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အထက်မြန်မာနိုင်ငံနှင့်တကွ မြန်မာပိုင်နက်နယ်မြေတို့ကို အင်္ဂလိပ်ဘုရင်မကြီးပိုင် နယ်မြေအဖြစ်သိမ်းယူကြောင်း ကြေညာထုတ်ပြန်လိုက်သည်။ ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ နယ်ချဲ့အင်္ဂလိပ်တို့နှင့် ဖြစ်ပွားခဲ့သော စစ်ပွဲသုံးပွဲစလုံးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော မြန်မာတပ်မှူး၊ တပ်သားတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ သူရသတ္တိနှင့် ဇွဲလုံ့လဝီရိယတို့ မည့်ခဲ့ကြောင်း သမိုင်းပညာရှင်များက မှတ်တမ်းတင်ခဲ့သည်။

မြန်မာတို့ စစ်ရှုံးခဲ့သော အကြောင်းအချက်များစွာအနက် နိုင်ငံရေးအရ ညီညွတ်မှုမရှိခြင်း၊ လက်နက်အင်အားကွာခြားသည့် အင်အားတောင့်တင်းသော တပ်မတော်အဖြစ် မရပ်တည်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်ဟု သုံးသပ်ထားသည်။ သို့သော် မြန်မာ့တပ်မှူးများနှင့်တပ်မတော်သားများ၏ ဇာတိမာန်စိတ်ဓာတ်နှင့် သူရသတ္တိတို့ကို ရန်သူကပင် လေးစားချီးကျူးခဲ့ကြသည်။ နှစ်ပေါင်းထောင်ချီ တည်တံ့ခဲ့သော မြန်မာဘုရင်စနစ် လုံးဝပျက်သုဉ်းသွားသည်မှာ ဝမ်းနည်းစရာဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့ အစိုးရိမ်ဆုံး၊ အကြောက်ရွံ့ဆုံးမှာ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်စိတ်ဖြစ်သည်။ စစ်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း မြန်မာတို့၏ ဇာတိမာန်စိတ်မှာ မရှုံးနိမ့်၊ မပျောက်ဆုံး၊ မျိုးချစ်စိတ်ဓာတ်များ ပြင်းထန်ခဲ့သည်။

ထို့ကြောင့် နယ်ချဲ့ဗြိတိသျှတို့က မြန်မာတို့၏ ဇာတိမာန်စိတ်ဓာတ်များ ပျောက်ပျက်အောင် နည်းလမ်းအဖုံဖုံဖြင့် ကြံစည်အားထုတ်ခဲ့သည်။ ကျွန်သက်ရှည်ကြာအောင် ပရိယာယ်အမျိုးမျိုးဖြင့် သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။ သို့သော် ဇာတိမာန်စိတ်ဓာတ်ထက်သန်သော တို့ဗမာအစည်းအရုံးမှသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်မှစ၍ ဗမာ့လွတ်မြောက်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်တို့ပေါ်ပေါက်လာကာ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကို ဆက်တိုက်ဆင်နွှဲပြီး စစ်ပြီးခေတ်တွင် အမျိုးသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားခေါင်းဆောင်များ စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်မှုဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လုံးဝလွတ်လပ်သောနိုင်ငံဖြစ်လာခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို နှစ်ပေါင်း ၆၀ ကျော်၊ အောက်မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်နိုင်အောင် ကြံစည်အားထုတ်ခဲ့သည့် စစ်ရေး၊ နိုင်ငံရေးပရိယာယ်များကို သိမြင်နိုင်ရန်အတွက် မြန်မာ့သမိုင်းကို မမေ့ပျောက်ဖို့လိုမည်။ ထွန်းတောက်ခဲ့သည့် ဇာတိမာန်များ၊ နိုးကြားခဲ့သည့် အမျိုးသားအားမာန်များကို သိရှိကြမှသာ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးစိတ်၊ ကာကွယ်စောင့်ရှောက်လိုစိတ်များရှိမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နယ်ချဲ့လက်သစ်တို့သည် နိုင်ငံငယ်များအပေါ် ၎င်းတို့၏ ဩဇာလွှမ်းမိုးနိုင်ရေးအတွက် နောက်ကွယ်မှ ကြိုးကိုင်ကာ အချင်းချင်းသွေးခွဲပြီး အိမ်ကြက်ချင်း အိုးမဲသုတ်ခံရသည့်အဖြစ်များသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်စိတ်များ လျော့ပါးနေ၍ အချင်းချင်း ခွပ်နေကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ အတိတ်သမိုင်းတွင် ဇာတိမာန်စိတ်များ ထက်သန်သော်လည်း စည်းလုံးညီညွတ်မှုပျက်ယွင်းခြင်း၊ တပ်မတော်အင်အား မတောင့်တင်းခြင်းကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်ကို သင်ခန်းစာယူပြီး ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်မှုနှင့် ဇာတိမာန်စိတ်ဓာတ်များ နိုးကြားထက်သန်အောင် ကြိုးပမ်းအားထုတ်ပြီး လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၀၅ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ | ၃၉၀၀ |
| 95 Ron | ၃၁၂၀ | ၃၂၃၀ | ၃၂၀၀ | ၃၁၃၅ | ၃၂၄၀ | ၃၂၅၅ | ၃၂၇၀ | ၃၁၉၀ | ၄၅၆၀ | ၃၄၈၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၈၀ | ၃၂၄၅ | ၃၂၆၅ | ၃၅၂၀ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၉၀ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၉ | ၂၉၂၉ |
| 95 Ron | ၂၉၄၆ | ၃၀၃၈ |
| HSD (500 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (50 ppm) | ၃၀၈၃ | ၃၁၇၄ |
| HSD (10 ppm) | ၃၀၈၃ | ၃၁၇၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးတွင် ဖော်ပြပါရှိသည့် **နတ်တော်လကွယ်နေ့** အစား **ပြာသိုလဆန်း ၁ ရက်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | ဒေါ်ဇင်မာဝင့် |
| | | စာပြင် | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



အင်းလေးရှုခင်း ဓာတ်ပုံ - မျိုးမင်းထိုက် (ပြန်/ဆက်)

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ် မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်ဟောင်း ဒေါက်တာမန်မိုဟန်ဆင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၃၀

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မန်မိုဟန်ဆင်းသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီတွင် Park Royal ဟိုတယ်ရှိ အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံးသို့ရောက်ရှိရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံးအကြီးအကဲ မစ္စ ရီတူ ရာဒ့်ါဗ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်နှင့် အိန္ဒိယဆက်ဆံရေးရုံးအကြီးအကဲ မစ္စ ရီတူရာဒ့်ါဗ်နှင့် တာဝန်ရှိသူများအား ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်း သတင်းစကားအား ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဒေါက်တာ မန်မိုဟန်ဆင်းသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ပေါင်းတည်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စပါးစိုက်ခင်းကို တွေ့ရစဉ်။

**✻ ပေါင်းတည်မြို့မှ**

မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမည့် စိုက်ပျိုးမြေများသို့ ဝဲကြီးရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေမည်ဖြစ်ပြီး တောင်သူများအနေဖြင့် သီးထပ်သီးနှံများ ဆက်လက်စိုက်ပျိုးနိုင်ရန်အတွက် ယခင်နှစ်များထက်စော၍ နွေစပါးစိုက်ပျိုးကြမည်ဖြစ်ကြောင်းနှင့် နွေစပါးစိုက်ပျိုးရေအတွက် ဝဲကြီးရေလှောင်တမံမြောင်းလက်တံများမှ စိုက်ပျိုးမြေများသို့ ဇန်နဝါရီလပထမပတ်အတွင်း ပို့လွှတ်နိုင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

လတ်တလောတွင် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိုက်ပျိုးမည့်မြေများကြည့်ရှုစစ်ဆေးခြင်း၊ စိုက်ပျိုးမည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများရွေးချယ်စေခြင်း၊ ကောင်းမွန်သောစိုက်နည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေးတို့အတွက် တောင်သူများနှင့်ပူးပေါင်းပြီး အသိပညာပေးဆွေးနွေးပွဲများ ကွင်းဆင်းပြုလုပ်ကာ တောင်သူများအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

**☆ ရှေ့ဖုံးမှ**

ဒီဇင်ဘာ ၂၉ရက်ကလည်း (၈)ကြိမ်မြောက် မျက်စိအလှူတွင် ကုသမှုခံယူထားသူ ၅၂၀ နှင့် (၉)ကြိမ်မြောက်၌ နောက်ဆုံးနေ့ ခွဲစိတ်ကုသမှုခံယူထားသူ ၈၂ ဦးတို့အား ပြန်လည်ကြည့်ရှုပေးခဲ့ကြောင်း သိရသည်။

လူနာအသစ်များအနေဖြင့် (၁၀)ကြိမ်မြောက် မျက်စိအလှူတွင်သာ ပါဝင်နိုင်မည်ဖြစ်ပြီး အသစ်ခေါ်မည့်ရက်ကို ကြေညာပေးသွားမည်ဟု အသိပေးကြေညာထားသည်။

ယခုအခါ ကျေးဇူးရှင် သီတဂူဆရာတော်ကြီး၏လမ်းညွှန်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြု၊ အကူသူနာပြု၊ ကြက်ခြေနီ၊ အထောက်အကူပြု ဝေယျာဝစ္စအဖွဲ့နှင့် အလှူရှင်တို့၏ ပူးပေါင်းပါဝင်ကုသိုလ်ပြုခြင်းဖြင့် (၉)ကြိမ်အထိ အောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

**မေသက်**



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်



နေပြည်တော် ဒီဇင်ဘာ ၃၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားရယူပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာန အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၌ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအနေဖြင့် တံခွန်စိုက်ဆုဖလားရယူပေးနိုင်ခဲ့ကြသည့်အတွက် ဝမ်းသာဂုဏ်ယူပီတိဖြစ်ရပါကြောင်း၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဝန်ကြီးဌာနစံချိန်သစ်နှင့် မြန်မာပြည်စံချိန်သစ်များ တင်နိုင်ခဲ့သည့်အတွက်လည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားကစားအောင်မြင်မှုနှင့် နှိုင်းယှဉ်သုံးသပ်နိုင်သည်ကို တွေ့ရပါကြောင်း၊ မိမိတို့၏ ကြိုးစားမှုရလဒ်များက ကာကွယ်ရေးဝန်ကြီးဌာနအတွက်၊ တပ်မတော်အတွက် ဂုဏ်မြင့်စေသကဲ့သို့ ဝန်ကြီးဌာနအဆင့်မှသည် နိုင်ငံတော်က အားကိုးအားထားပြုရသည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ကြိုးစားအားထုတ်မှုတိုင်းသည် နိုင်ငံတော်အတွက်ဖြစ်သည်ဆိုသည့် စိတ်ဓာတ်ကို မွေးမြူပြီး ဆက်လက်ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဆုရအားကစားအသင်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ပြီး အောင်ပွဲရအားကစားအသင်းများမှ လွှဲပြောင်းပေးအပ်သည့် တံခွန်စိုက်ဆုဖလားကြီးကို လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများအနေဖြင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားနည်း ခြောက်မျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ၁၄ ခု၊ ငွေ ၁၀ ခု၊ ကြေး ၁၀ ခု စုစုပေါင်း ဆုတံဆိပ် ၃၄ ခု ဆွတ်ခူးရရှိခဲ့၍ ဝန်ကြီးဌာနပေါင်းစုံ တံခွန်စိုက်ဆုဖလား ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး




နေပြည်တော် ဒီဇင်ဘာ ၃၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တနင်္သာရီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့် အတူ ယမန်နေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေးသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားရေးရာများကို ဆောင်ရွက်ခြင်းနှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာစေရေးအတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းတာဝန်များကို နိုင်ငံတော်ကပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ တင်ပြသည့်အချက်များကို စနစ်တကျသေချာမှတ်သားပြီး သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက တိုင်းရင်းသားရေးရာလုပ်ငန်းကိစ္စရပ်များနှင့် ဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာလုပ်ငန်းကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က ထားဝယ်၊ ကရင်၊ မွန်နှင့် ဆလုံ (မော်ကင်) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မြောင်းမြမြို့နယ် ခနံ့ချောင်းကျေးရွာ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးသင်တန်း ကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ခနံ့ချောင်းကျေးရွာသို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်တန်းပို့ချဆောင်ရွက်ပေးလျက်ရှိသည့် ဒေသထွက်ကုန် ကွမ်းသီးဖတ်မှ တန်ဖိုးမြင့်လူသုံးပစ္စည်းများ ထုတ်လုပ်ရေးသင်တန်းကို ကြည့်ရှုအားပေးသည်။

မြောင်းမြမြို့နယ်တွင် ကွမ်းသီးစိုက်ဧက ၁၄၄၆ ဧကရှိပြီး ခနံ့ချောင်းအုပ်စုအတွင်း၌ ၇၅ ဒသမ ၇၀ ဧက စိုက်ပျိုးထားပြီးဖြစ်ရာ ကွမ်းသီးဖတ်သည် စွန့်ပစ်ပစ္စည်းအနေဖြင့်သာရှိနေသောကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်အစားထိုးသုံးစွဲနိုင်ရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များမှ ဝင်ငွေရရှိရေးတို့အတွက် သင်တန်းပို့ချပေးခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကို ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နေသော M Treasure ကုမ္ပဏီနှင့် ချိတ်ဆက်၍လည်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ခနံ့ချောင်းကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ၍ မိမိတို့တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်၊ မိုးစပါး၊ နွေစပါးနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားပြီး ခနံ့ချောင်းကျေးရွာအဝင်လမ်းပြုပြင်ဖောက်လုပ်ပေးရေး တင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား တက်ရောက်၊ ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်းဖွင့်လှစ်



ပုသိမ် ဒီဇင်ဘာ ၂၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်တွင် ကျင်းပသည့် (၈၇)နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အလံတင် အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ကရင်အမျိုးသားအလံအား သယ်ယူရေးအဖွဲ့က သယ်ယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ကာ မင်္ဂလာဖားစည်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကရင်အမျိုးသားအလံအား လွှင့်တင်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကရင်အမျိုးသားအလံအား အလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နှစ်သစ် နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကရင်အမျိုးသား သီချင်းကိုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းကာ ကရင်ဒုံးယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြောင်းမြမြို့နယ် ပွဲညှက်စမ်းကျေးရွာမှ ကုန်းသာလမ်းဆုံသို့ ဆက်သွယ်သည့် ဂဝံမြေနီလမ်း ဖွင့်ပွဲအခမ်းအနားကိုပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့် မတည်အလှူရှင် ဦးမျိုးဝင်းအောင်တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ဂဝံလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် (၈၇)နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကိုယ်စား မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂုဏာဘိရာမနှင့် ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များကိုယ်စား ဘုန်းတော်ကြီး ဟင်နရီမန်းအိုင်ခလိန်တို့က နှစ်သစ် နှုတ်ခွန်းဆက် စကားများပြောကြား၍ ဆုတောင်းမေတ္တာများ ပို့သကာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က ဖတ်ကြားပြီး တိုင်းဒေသကြီးကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကရင်နှစ်သစ်ကူးနေ့ အကြောင်း သိကောင်းစရာများနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်အဆင့် ထူးချွန်ဆုရ ကရင်တိုင်းရင်းသား တိုင်းရင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကရင်အမျိုးသားတေးသီချင်းကို စုပေါင်းဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၁၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၀-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၂-၁၂-၂၀၂၄ ရက်နေ့ ည ၈:၀၀ နာရီမှ ၂၉-၁၂-၂၀၂၄ ရက်နေ့ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၁၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## မြဝတီမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

မြဝတီ ဒီဇင်ဘာ ၂၀

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ကရင်အမျိုးသားထာဝရနှစ်သစ်ကူးကွင်းတွင် ယနေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်း သဘာပတိကြီး ဦးစောထွန်းဝေက နှစ်သစ်ကူးမိန့်ခွန်းပြောကြားပေးပြီး ကရင်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်း နာယကချုပ်ဆရာတော် ဒေါက်တာ အရှင်ပညာသာမိပေးပို့သော "ကရင်အမျိုးသား နှစ်သစ်ကူးနေ့" သဝဏ်လွှာကို တောင်ကလေးအေးရိပ်သာကျောင်းဆရာတော် အရှင်အဂ္ဂဝံသ အရှင်သူမြတ်က မြွက်ကြားပေးသည်။ ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ်ထံမှ ပေးပို့သော "ကရင်အမျိုးသားနှစ်သစ် ကူးနေ့" သဝဏ်လွှာကို မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ဖတ်ကြားသည်။

ဆက်လက်၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံ စာတမ်းကို ပိုးကရင်ဘာသာဖြင့် နာန့်ဖဝ့်ထ်ုဃိုက လည်းကောင်း၊ စကောကရင်ဘာသာဖြင့် နော်ဖဝ်အားထိုင်က လည်းကောင်း ဖတ်ကြားသည်။ ထို့နောက် ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်



ကျင်းပရေးဥက္ကဋ္ဌ စောဇော်မင်းသိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ကရင်ရိုးရာကောက်သစ်စားပွဲတော်တွင် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများက ပျော်ရွှင်စွာသုံးဆောင်ခဲ့ကြသည်။ အလားတူ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် ဘောလုံးပြိုင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# သက်တမ်းရင့်လွတ်လပ်ရေးနှင့် ပြည်သူများ၏ ဆန္ဒမီးရှူးတိုင်

ခင်ရတနာ



ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမခံရမီ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က မြို့တော်ခန်းမ လေသာဆောင်မှနေ၍ ပရိသတ်အား မိန့်ခွန်းပြောကြားနေစဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရရှိသော (၇၇) နှစ်မြောက် နေ့ထူးနေ့မြတ်ဖြစ်သည်။ လွန်ခဲ့သည့် (၇၇) နှစ် ဇန်နဝါရီလဆန်းပိုင်းကတည်းက လွတ်လပ်ရေးရရှိတော့မည့် မင်္ဂလာအချိန်အခါကို ပြည်သူတို့ စောင့်ဆိုင်းနေကြလိမ့်မည်။

## ကိုယ့်နိုင်ငံ၏ ကြမ္မာကို ကိုယ်တိုင်ထုဆစ် ရေးခြယ်ခွင့်ရရှိသည့်နေ့

အေးမြသော ဆောင်းအငွေ့အသက်တို့ဖြင့် ထုံလွှမ်းထားသည့် ရန်ကုန်မြို့သည် သူ၏ မြေပေါ်၌ နိုင်ငံတော်အလံ တိုင်ထက်လွှင့်ထူခြင်းကို စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေမည်လားမသိ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့။ နံနက်ဝေလီဝေလင်းတွင် လွတ်လပ်ရေးကြေညာမည်ဟူသည့် သတင်းစကားသည် ရန်ကုန်မြို့မှသည် နယ်စွန်နယ်ဖျားမကျန် ပျံ့နှံ့လာခဲ့သည်။ ညလုံးပေါက်မအိပ်ဘဲ စိတ်လှုပ်ရှားစွာ စောင့်မျှော်နေကြသူများ၊ လွတ်လပ်စွာ ဖြတ်သန်းရတော့မည့် လက်ကျန်ဘဝများအတွက် ကြိုတင်စီမံကိန်းချသူများ၊ လွတ်လပ်ရေး၏ အရသာကို ပုံဖော်ခံစားနေကြသူများ၊ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အာဇာနည်အပေါင်းအား လွမ်းမောသတိရ ကျေးဇူးတင်နေကြသူများ စသည်ဖြင့် အုတ်အုတ်ကျက်ကျက်ရှိနေသည်ဟု သမိုင်းမှတ်တမ်းများတွင် ဖတ်ရှုရသည်။ ထိုနေ့သည် နှစ်ပေါင်း ၁၀၀ ကျော် သူတစ်ပါး ထိန်းချုပ်ခံကျွန်ဘဝမှ လွတ်မြောက်၍ ကိုယ့်နိုင်ငံ၏ ကြမ္မာကို ကိုယ်တိုင်ထုဆစ် ရေးခြယ်ခွင့်ရရှိသည့်နေ့မို့ လူတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

နံနက် ၄ နာရီ မိနစ် ၂၀ တိတိတွင် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ဗမာ့တပ်မတော်နှင့် ဗြိတိသျှရေတပ်တို့မှ အမြောက်သံများကို စတင်ကြားရသည်။ တဒုန်းဒုန်း ပစ်ခတ်လိုက်သည့် အမြောက်သံများက စစ်ပွဲများအတွက်မဟုတ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတော့မည့်အတွက် အခါတော်ပေးသည့် အမြောက်သံများပင်ဖြစ်သည်။ အမြောက်သံများ၏အဆုံးတွင် ရန်ကုန်မြို့ဝန်ကြီးများရုံးရှေ့ နှစ်ပေါင်း ၁၀၀ ကျော် ဦးညွှတ်ခဲ့ရသည့် ယူနီယံဂျက်အလံမှာ တိုင်ထိပ်ဆီမှ အောက်သို့ တဖြည်းဖြည်း လျှောကျသက်ဆင်း၍ လာခဲ့သည်။ ထို့နောက် မြန်မာတစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံတော်အလံကား တိုင်အောက်မှ တိုင်ထိပ်ဆီသို့ တစ်ဟုန်ထိုး မြင့်တက်၍သွားကာ တိုင်ထိပ်ဖျားဆီတွင် နေရာယူသည်။ ဟေမန်ဆောင်း၏ လေပြေညင်းက တိုင်ထိပ်ဖျားဆီမှ နိုင်ငံတော်အလံကို တလွင့်လွင့်ဖြင့် ပို၍ဂုဏ်တင်အောင် ပံ့ပိုးနေသယောင်။

လွတ်လပ်ရေးရသဖြင့် အချို့သော ပြည်သူများက ဝမ်းသာသဖြင့် မျက်ရည်လည်ကြသည်။ အချို့က ထ၍ကကြသည်။ အချို့က အလှူအတန်းများပေးသည်။ အချို့မှာ ပျော်မဆုံး မော်မဆုံး ပြေးလွှားဟစ်အော်လျက်။ အချို့ကတော့ ငြိမ်သက်စွာ လွတ်လပ်သော အရသာကို ခံစားကြ၏။ သူ့ကျွန်ဘဝမှ လွတ်မြောက်သည့်နောက်ပိုင်း ပြည်သူတို့၏ မျှော်လင့်ချက်မှာ တိုးတက်အောင်၊ စည်ပင်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြံဆောင်ကြမည်။ ကလေးများ၏အသံ စာသင်ကျောင်းများအထက် ဘဝင်သို့ညံကြမည်။ မီးခိုးတလူလူဖြင့် စက်ရုံကြီးများ လည်ပတ်ကြမည်။ တောင်တန်းနှင့် ပြည်မ၊ မြေပြန့်နှင့် တောင်ပေါ်၊ အညာမှ အကြေ စသည်ဖြင့် ကားလမ်းကြီးများ၊ ရထားလမ်းကြီးများပေါ်တွင် ဥဒဟိုသွားလာကြမည်။ စစ်ပွဲတို့ရပ်ကာ ငြိမ်းချမ်းရေးပန်းခင်းကြီး ထာဝရပွင့်ဖူးကြတော့မည် ဟူသည့် စိတ်အစဉ်ဖြင့် ပျော်မဆုံးဖြစ်ခဲ့ကြသည်။

လွတ်လပ်ရေးမရမီနှစ် လုပ်ကြံမခံရမီက မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ရှေ့ရေးကို ကြိုမြင်ခဲ့သည့်အလား ပြည်သူများကို "လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကိုခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ အခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီ" ဟု ဘွင်းဘွင်းရှင်းရှင်း ဆိုခဲ့သည်။ ဗိုလ်ချုပ်သတိပေးခဲ့သော်လည်း မိမိတို့ ယနေ့တိုင် စည်းကမ်းလိုက်နာမှု အားနည်းနေသေးသည်။ ညီညွတ်မှုတို့ ပျောက်ဆုံးနေရဆဲ၊ လွတ်လပ်ရေး၏ အရသာကို ပြည်သူများ တင်းပြည့်ကျပ်ပြည့် ခံစားခွင့်မရရှိဆဲ။

## စစ်မီးများ၏အစ

အင်္ဂလိပ်တို့သည် တောင်တန်းဒေသများကို လွတ်လပ်ရေးချက်ချင်းမပေးလိုသည့် စေတနာဆိုးဖြင့် တောင်တန်းပြည်ပခွဲခြားသပ်လျှိုခဲ့သည့် ပရိယာယ်သည် ယနေ့တိုင် တောင်တန်းသားနှင့် မြေပြန့်သားတို့အကြား ခိုးလိုးခုလုဖြစ်နေရဆဲ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက အမြော်အမြင်ကြီးစွာ ငြင်းကြခုံကြ ဆွေးနွေးကြရင်း ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်သာ လွတ်လပ်ရေးအတူတကွ ရယူနိုင်ခဲ့ကြသော်လည်း ဗိုလ်ချုပ်မရှိတော့သည့်နောက်ပိုင်း တောင်တန်းသား၊ မြေပြန့်သား၊ ဗမာ၊ တိုင်းရင်းသား စသည့်ငုပ်လျှိုးနေသည့် အယူအဆမှာ အမြစ်တွယ်လျက် အခါအခွင့်သင့်တိုင်း ခေါင်းထောင်၍ ထသည်မှာ ယနေ့တိုင် မငြိမ်းသတ်နိုင်သေးသည့် စစ်မီးများ၏အစပင် ဖြစ်ပါသည်။ လက်နက်ကိုင်တော်လှန်ခြင်းကို အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်တို့တွင် မျက်ဝါးထင်ထင် မြင်ခဲ့ရသည့် လွတ်လပ်ရေးရပြီးစ မိမိတို့နိုင်ငံ၏ အခြေအနေကို သမိုင်းဖြစ်စဉ်များနှင့် ဆက်စပ်၍ ကြည့်မိသည်။ မဟာမိတ်တပ်များနှင့် ဂျပန်တို့၏ ထောင်းထောင်းကြေ စစ်တလင်းအဖြစ် ငါးနှစ်ကျော်ဖြတ်သန်းခဲ့ပြီး လွတ်လပ်ရေးရရှိချိန်တွင် အခြေခံအဆောက်အအုံ အတော်များများ ပျက်စီးနေခဲ့ရပြီးဖြစ်သည်။ ဘူတာရုံများ၊ ရထားလမ်း၊ ကားလမ်းများကား အပြိုပြိုအလဲလဲ၊ စက်ရုံ အလုပ်ရုံများကား မီးလောင်တစ်စပြင်၌ ဟိုတစ်စု ဒီတစ်စု ပြန့်ကျဲလျက်၊ အမြို့မြို့ အနယ်နယ်တွင် ဗုံးကြဲလေယာဉ်များကြောင့် ပျက်စီးမှုများစွာတို့နှင့် မရှင်းလင်းနိုင်သေး။ ကိုလိုနီတို့ ဆုတ်ခွာရာ တစ်လျှောက် ပျက်စီးခဲ့ရသည့် စိုက်ခင်းများ၊ ဘုရားရင်ပြင်တော်များ၊ ဇရပ်များ၌ စစ်ဘေးသင့်ပြည်သူများစွာက အိမ်မပြန်နိုင်သေး။ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များစွာတို့က အသင့်စောင့်ဆိုင်းနေချိန်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီး သက်တမ်းနုနု မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်၊ ထူထောင်ရေးလမ်းကြောင်းပေါ် တက်မည်ကြံသည်သာရှိသေး မတူညီသော နိုင်ငံရေးအယူအဆမျိုးစုံ၊ ကွဲပြားသော အတွေးအခေါ်မျိုးစုံနှင့် ကွန်မြူနစ်တို့က တောခိုကြသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မူဂျာဟစ်ဒင်တို့က ထိန်းချုပ်ရန်တာစူကြသကဲ့သို့ ကေအင်န်ယူက ရန်ကုန်မြို့အနီးအင်းစိန်သို့ပင် ပြောင်ပြောင်တင်းတင်း နီးကပ်လာသည်အထိ ဖြစ်ခဲ့သည်။ အတွေ့အကြုံနုနု အစိုးရအဖို့ တိုင်းပြည်၏ မုန်တိုင်းများအကြား အလူးအလဲဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည်။ ဗမာ့တပ်မတော်ခမျာလည်း ရောင်စုံသူပုန်များအကြား လက်မလည်နိုင်ခဲ့။ ဆိုရလျှင် လွတ်လပ်ရေး၏ ဖွားဖက်တော်များဟု ကဲ့ရဲ့ရှုတ်ချရမည့် လက်နက်ကိုင်ပဋိပက္ခသည်ကား မငြိမ်းသောမီးအဖြစ် တငွေ့ငွေ့ တောက်လောင်ခဲ့သည်မှာ ယနေ့တိုင်ပင်မဟုတ်ပါလော။

## စားပွဲဝိုင်းများဆီ အဖြေရှာရန် ညှိနှိုင်းခဲ့

ပြီးခဲ့သည့်နှစ်ပေါင်း ၇၇ နှစ်လုံးလုံး စစ်ပွဲများဖြင့်သာ ပြီးခဲ့သည်ကား မဟုတ်ပါ။ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များက ဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး စသည်တို့ကို အကြောင်းရင်းခံပြု ဖြစ်ပေါ်ခဲ့သည့် စစ်ပွဲများ အဆုံးသတ်ရေးအတွက် ဖိတ်ခေါ် ဆွေးနွေးခြင်း၊ လက်နက်များကို ထားရစ်ကာ စားပွဲဝိုင်းများဆီ အဖြေရှာရန် ညှိနှိုင်းခဲ့သည်မှာ အခါခါပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့ကိုလည်း အစိုးရများက ဆောင်ရွက်ခဲ့ကြရသည်။ ထို့အတူ အန္တိမပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးစေမည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ စာမျက်နှာ ၇ သို့ ☆

ပြီးခဲ့သည့်နှစ်ပေါင်း ၇၇ နှစ်လုံးလုံး စစ်ပွဲများဖြင့်သာ ပြီးခဲ့သည်ကားမဟုတ်ပါ။ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များက ဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး စသည်တို့ကို အကြောင်းရင်းခံပြု ဖြစ်ပေါ်ခဲ့သည့်စစ်ပွဲများ အဆုံးသတ်ရေးအတွက် ဖိတ်ခေါ်ဆွေးနွေးခြင်း၊ လက်နက်များကို ထားရစ်ကာ စားပွဲဝိုင်းများဆီ အဖြေရှာရန် ညှိနှိုင်းခဲ့သည်မှာ အခါခါပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့ကိုလည်း အစိုးရများက ဆောင်ရွက်ခဲ့ကြရသည်။ ထို့အတူ အန္တိမပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးစေမည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ လွှတ်တော်များ၏ အခန်းကဏ္ဍကိုလည်းကောင်း နိုင်ငံရေးစာမျက်နှာသစ်ဖွင့်လှစ်၍ ဒီမိုကရေစီအစိုးရနှစ်ဆက်တိုင် ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေ ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား”ဖြင့် ဆောင်ရွက်ရေး။

၅။ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင် ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေ စာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ **Website** **www.dop.gov.mm** တွင် ရယူနိုင်ပါသည်။

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ဝ၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ဝ၇:ဝဝ အချိန်တွင် နိုင်ငံတော်အလံ အလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တ ပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်း ကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာ လမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

☆ စာမျက်နှာ ၆ မှ

လွှတ်တော်များ၏ အခန်းကဏ္ဍကို လည်းကောင်း နိုင်ငံရေးစာမျက်နှာသစ် ဖွင့်လှစ်၍ ဒီမိုကရေစီအစိုးရနှစ်ဆက် တိုင် ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့သည်။

ဒီမိုကရေစီခရီးလမ်းကား ဖြောင့်ဖြူး ရန်ကြံစဉ်မှာပင် မဲမသမာခြင်းမှအစပြု သည့် နိုင်ငံရေးအပြောင်းအလဲကာလ တစ်ရပ်ကို ဖြတ်သန်းခဲ့ရပြီး CRPH, NUG အစရှိသည့် ပြည်ပြေး အကြမ်းဖက်သစ္စာဖောက်များ၊ ပြည်တွင်း၊ ပြည်ပ သွေးထိုးမြှောက်ပင့်သူများ၏ နောက်လိုက် PDF အကြမ်းဖက်များနှင့် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ၊ ပြည်နာမှ ငွေရှာကောင်းမည်ဟူသော ရည်ရွယ်ချက်အပြည့်ဖြင့် လက်နက်ကိုင် သူပုန်အဖွဲ့များကလည်း တိုင်းပြည် အလုံးစုံပျက်စီးရေးကို ဦးတည်ရှေးရှု လျက် စစ်တလင်းကို များများဖန်တီး နေခြင်းမှာ အားလုံးအသိပင် ဖြစ်သည်။

လွတ်လပ်ရေး သက်တမ်းရင့် တိုင်းပြည်တစ်ခုအနေဖြင့် နိုင်ငံရေး ရင့်ကျက်မှုကား ယနေ့တိုင်မရနိုင်သေး၊ ပြည်သူတို့မှာ နိုင်ငံရေးမတည်ငြိမ်မှု၏ အကျိုးဆက် စီးပွားရေးချွတ်ခြုံကျမှု၊ တရားဥပဒေမစိုးမိုးမှုနှင့် စစ်ဘေးဒဏ်တို့ အကြား မလူးနိုင် မလွန့်နိုင်။ နိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖြစ်သည့် လမ်း၊ တံတား၊ စက်ရုံ၊ အလုပ်ရုံ၊ လျှပ်စစ် ဓာတ်အားပေးဝေမှုနှင့် လူ့စွမ်းအား အရင်းအမြစ်ပျိုးထောင်ရေး အစရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အားလုံးသည် တည်ဆောက်ရင်း၊ ဖျက်ဆီးခံရရင်းဖြင့် သံသရာလည် နေဆဲ။

မျိုးဆက်သစ်အချို့ တောခိုရင်း မျှော်လင့်ချက်မဲ့နေရသည့် သတင်းများ၊ ပြည်ပလက်ဝေခံများ၏ သွေးထိုး လှုံ့ဆော်မှုကို ယုံကြည်၍ မိမိတို့ဒေသဆီ စစ်ပွဲများ ဖိတ်ခေါ်ကြိုဆိုခဲ့ခြင်း၏ အကျိုး ဆက် ပြန်စရာအိမ်မဲ့ခဲ့ရသည့် လူငယ် များ၊ စာသင်ကျောင်းများ မဖွင့်နိုင်၍ လမ်းပျောက်နေကြရသည့် လူမမည်များ၊ နိုင်ငံရေးအကြောင်းပြကာ တော်လှန်ရေး အမည်တပ်၍ ပုံစံအမျိုးမျိုးသုံး အလှူခံ ပြီးနောက် ငွေထုပ်ပိုက်၍ ပြည်ပ၌ ကိုယ်ကျိုးစီးပွား အောင်မြင်ဖြစ်ထွန်းနေ ကြသော နိုင်ငံရေးသမားအမည်ခံ ကိုယ်ကျိုးရှာ တိုင်းပြည်သစ္စာဖောက် များ စသည့် သတင်းအချက်အလက် အကြောင်းအရာများကို မြင်ရတိုင်း နိုင်ငံသားတို့ ရင်ထုမနာဖြစ်ရ သည်။

> **“မျိုးဆက်သစ်အချို့ တောခိုရင်း မျှော်လင့်ချက်မဲ့နေရသည့်သတင်းများ၊ ပြည်ပလက်ဝေခံများ၏ သွေးထိုးလှုံ့ဆော်မှုကိုယုံကြည်၍ မိမိတို့ဒေသဆီ စစ်ပွဲများ ဖိတ်ခေါ်ကြိုဆိုခဲ့ခြင်း၏ အကျိုးဆက် ပြန်စရာအိမ်မဲ့ခဲ့ရသည့် လူငယ်များ၊ စာသင်ကျောင်းများ မဖွင့်နိုင်၍ လမ်းပျောက်နေကြရသည့် လူမမည်များ၊ နိုင်ငံရေးအကြောင်းပြကာ တော်လှန်ရေးအမည်တပ်၍ ပုံစံအမျိုးမျိုးသုံး အလှူခံ ပြီးနောက် ငွေထုပ်ပိုက်၍ ပြည်ပ၌ ကိုယ်ကျိုးစီးပွား အောင်မြင်ဖြစ်ထွန်းနေကြသော နိုင်ငံရေး သမားအမည်ခံ ကိုယ်ကျိုးရှာ တိုင်းပြည်သစ္စာဖောက်များ စသည့် သတင်းအချက်အလက် အကြောင်းအရာများကို မြင်ရတိုင်း နိုင်ငံသားတို့ ရင်ထုမနာဖြစ်ရ”**

စင်စစ် စစ်မီးများ ငြိမ်းအေးစေရန် လက်နက်ကိုင်အင်အားစုများ အားလုံး က အမြော်အမြင်ရှိရှိ ငြိမ်းချမ်းရေးကို ရှေးရှုကာ နိုင်ငံရေးရင့်ကျက်မှုရှိသင့်ကြ ပြီဖြစ်သည်။ တိုင်းပြည်ချစ်စိတ်ကို အခြေခံကာ စစ်မှန်စည်းကမ်းပြည့်ဝ သော ဒီမိုကရေစီနိုင်ငံဖြစ်စေရန်အတွက် နိုင်ငံသားများအားလုံး ကြိုးပမ်း ဆောင်ရွက်သင့်ပါပြီ။ ဒီမိုကရေစီခရီး လမ်းတွင် လွတ်လပ်မှု၏ အရသာကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ လွတ်လပ်မှုကို လူတိုင်းမဲဆန္ဒပေးခွင့် အဖြစ် အတိအကျ သတ်မှတ်ပြဋ္ဌာန်းထား သည်။ နိုင်ငံသားတိုင်းထံတွင် နိုင်ငံရေး အာဏာ၏ အသေးဆုံးဝေစုတစ်ခု အပ်နှင်းပေးထားပြီးသားပင် ဖြစ်သည်။ ထိုအရာသည်ပင် လွတ်လပ်သောနိုင်ငံ အတွင်း လူတိုင်းလုပ်ကိုင်ခွင့်ရရှိသည့် အခြေခံအကျဆုံး နိုင်ငံရေးလုပ်ပိုင်ခွင့် တစ်ရပ်ပင်ဖြစ်သည်။

လက်ရှိ စစ်မီးတို့ အဓိကပြဿနာ သည် နိုင်ငံရေးပြဿနာကို စစ်ရေးနည်း ဖြင့် ဖြေရှင်းနေကြခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတံခါး ကို ယခင်အဆက်ဆက်ကတည်းက ဖွင့်ထားသည်။ ယခုလည်း ဖွင့်ထားဆဲ ပင်။ ထာဝရငြိမ်းချမ်းရေးအတွက် အမှန် တကယ်ဆန္ဒရှိမည် သို့မဟုတ် နိုင်ငံရေး ရင့်ကျက်မှုရှိ၍ ပြည်သူလူထု အကျိုး စီးပွားကို အမှန်တကယ်ရှေးရှုမည် ဆိုပါက ကိုင်စွဲထားသည့်လက်နက်များ ကို ဘေးချကာ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ အရောက်လာစေလိုပါသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ မှသည် ပြည်သူများအားလုံး လိုလား တောင့်တရသော ဆန္ဒမီးရှူးတိုင်ဖြစ် သည့် ပဋိပက္ခများချုပ်ငြိမ်း၍ ငြိမ်းချမ်း ရေးအသီးအပွင့်များ အမြန်ဆုံးခံစား ရပါစေဟု ဆုတောင်းရင်းသာ။ ။

## မိုင်းပျဉ်းမြို့၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ကျင်းပ

မိုင်းပျဉ်း ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ (၇၇)နှစ်မြောက်လွတ်လပ် ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းက မြို့မဈေးအနီးရှိ ပိုက်ကျော်ခြင်းကွင်း အတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ရဲမှူးသက်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို အုပ်စုအသင်းလိုက် စတင်ယှဉ်ပြိုင်ကစားကြသည်။ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ဌာနဆိုင်ရာများ၊ မြို့ပေါ်နှင့် ကျေးရွာလူငယ်များ၊ ပညာရေး ဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၄ သင်းတို့က ပွဲစဉ်အလိုက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါအားကစား ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၃၀

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

# ရန်ကုန်တိုင်းဒေသကြီး၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေး မောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံ ပေးအဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး ကရင် စာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီနာယက ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောဒန်နီရယ်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကရင် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများတက်ရောက် ကြသည်။

ဦးစွာ ကရင်အမျိုးသားအလံကို လွှင့်တင်ကာ အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသား




လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖားစည်ကိုးချက်တီးပြီး ကရင်လူငယ် ကိုးဦးက ကြွဲချို မှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က ကရင်နှစ်သစ်ကူး နှုတ်ခွန်း ဆက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်း သားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကရင် အမျိုးသား နှစ်သစ်ကူးနေ့အကြောင်း ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ပဲခူးရိုးမတောင်ပေါ်နေ ကရင် လူမျိုးများ၏ ကရင်ရိုးရာ အိုးစည်အက၊ ကွမ်းခြံကုန်း မြို့နယ် ကရင်ရိုးရာဒုံးအက၊ မှော်ဘီမြို့နယ် ကရင် ရိုးရာဝါးညှပ်အက၊ မှော်ဘီမြို့နယ် ကရင်ရိုးရာ ကြိုးကျစ်အက၊ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် ရှားလဖလုံ (လူပျိုကြီးဒုံး)အကနှင့် မှော်ဘီမြို့နယ် ကရင်ရိုးရာဒုံးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကရင်အမျိုး သားနှစ်သစ်ကူးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၅၀ ကို ပေးအပ် လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံရယူ ကြသည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ပျော်ပွဲရွှင်ပွဲများဖြစ်ကြသည့် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရ သည်။

**ဇော်မင်းလတ်-MNA**





# မွန်ပြည်နယ်ဝန်ကြီးချုပ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနား တက်ရောက်

**မော်လမြိုင် ဒီဇင်ဘာ ၂၀**

ကရင်အမျိုးသား နှစ်သစ်ကူး ပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ဟုန်စံစီခန်းမ၌ ကျင်းပရာ နာယက ဆရာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင် ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေး မှု ကော်မတီဝင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ်က နှစ်စဉ် ပြာသို လဆန်း ၁ ရက်နေ့တွင် ကျင်းပ သော ကရင်အမျိုးသားနှစ်သစ် ကူးနေ့သည် ကရင်တိုင်းရင်းသား များ အမြတ်တနိုးတန်ဖိုးထား၊ လူသိများသော ပွဲတော်တစ်ခု ဖြစ်ပါကြောင်း၊ ခေတ်အဆက် ဆက်က ထိန်းသိမ်းလာခဲ့သည့် စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း အမွေ အနှစ်များကို လူငယ်မျိုးဆက်သစ် များက သားစဉ်မြေးဆက် လက်ဆင့်ကမ်းတာဝန်ယူ ထိန်း သိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသား လူမျိုးများအနေဖြင့် မိမိတို့ဘိုး ဘွားများ၏ လက်ဆင့်ကမ်းအမွေ ဖြစ်သည့် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းများ၊ ဒြပ်ရှိဒြပ်မဲ့ အနု ပညာများကို မပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်က ရန်ပုံငွေကျပ်သိန်း ၂၅၀ ကိုပေးအပ်ပြီး ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနား ကျင်းပနိုင်ရေး လှူဒါန်းပေးခဲ့ကြ သည့် အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေး အပ်ကာ မွန်ပြည်နယ် ကရင်စာပေ နှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။



**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများသည် ကရင်တိုင်းရင်းသားရိုးရာ အက အလှများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ကရင် တိုင်းရင်းသားရိုးရာ ဒုံးအဖွဲ့များ၊ မော်လမြိုင် တက္ကသိုလ်စာပေနှင့် ယဉ်ကျေးမှု ကော်မတီများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# မုဒုံမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

**မုဒုံ ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၈၇)ကြိမ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် ရေစက်ချ တရားတော်နာယူခြင်းကို ယနေ့နံနက် ၆ နာရီက မြို့မ(၄)ရပ်ကွက်ရှိ ဂျုံးဂျုံးကျပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြု၍ ကရင် တိုင်းရင်းသားအလံအား လွှင့်တင်ခဲ့သည်။ ထို့နောက် မုဒုံမြို့နယ် ကရင် စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ကရင်အမျိုးသား ဦးစောမြင့်ဦးက ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားကာ နှစ်သစ်ကူး ဆုတောင်းစကား ပြောကြားသည်။

ယင်းနောက် ဆရာတော်ကြီးနှင့် သံဃာတော်များအား တာဝန်ရှိ သူများက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ တက်ရောက်လာသူများအား စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**







# ဘားအံမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ဘားအံ ဒီဇင်ဘာ ၃၀

ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ တက်ရောက်လာကြသော ကရင်အမျိုးသားအပေါင်းနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့က အလံတင်မည့် သီရိကွင်း ဒုံးစင်မြင့်ရှေ့၌ နေရာယူကြပြီး ကရင်လူငယ်များက ကရင်အမျိုးသားအလံကို သယ်ဆောင်လာကြကာ ကရင်ရိုးရာကျွဲချိုမှုတ်၍ ဖားစည်တီးကာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သဘာပတိ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ရောင်နီလာချိန်တွင် ကရင်အမျိုးသားအလံကို တိုင်ထိပ်သို့လွှင့်ထူပေးရာ ကရင်အမျိုးသားအပေါင်းတို့က ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆိုကြပြီး ကရင်အမျိုးသားအလံတော်ကို အလေးပြုကြသည်။ ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသော ကရင်အမျိုးသားအပေါင်းနှင့် တိုင်းရင်းသားပြည်သူ ဧည့်သည်တော်အပေါင်းတို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သည့် သဝဏ်လွှာအား သဘာပတိ ဦးစောခင်မောင်မြင့်က ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးစောမြင့်ဦးက နှစ်သစ်ကူးဆုမွန်ကောင်း စကားပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုခံအထင်ကရ သက်ကြီးကရင်အဘိုး၊အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို စည်လုံးခြင်းသည်အင်အားဟု အဓိပ္ပာယ်ရသော အောဟုအောဟောင် ကရင်တေးသီချင်းဖြင့် သီဆိုရုပ်သိမ်းပြီး ဖီးဗူးယော်(ရိုးရာကောက်သစ်စားပွဲတော်)ကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖီးဗူးယော်ကောက်သစ်စားပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ငြိမ်းချမ်းရေးချိုးငှက်များ ဘေးမဲ့လွှတ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ပြခန်းပေါင်း ၃၀ ကျော်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကရင်အမျိုးသား နှစ်သစ်ကူးနေ့ပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

သာယာဝတီ ဒီဇင်ဘာ ၃၀

(၈၇) နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပွဲတော်အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက သာယာဝတီမြို့ မိဘဘိုးဘွားအောအောက်မေ့ဘွယ်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား အလံတိုင်ထိပ်သို့လွှင့်ထူကာ အခမ်းအနားတက်ရောက်လာကြသူများက အလေးပြုကြသည်။

ထို့နောက် သာယာဝတီမြို့နယ် ဝါးနက်ကုန်းကျေးရွာ ဒုံးအဖွဲ့က "တို့ကရင် နှစ်သစ်ကူး" သီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကရင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် စစ်မှန်သည့် ရိုးရာအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကာ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန် ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို ကြိုဆိုသည့် နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ယင်းနောက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်တစ်ဦးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ပဲခူးမြို့နယ် သရက်ကုန်းကျေးရွာဒုံးအဖွဲ့က "မိုးသောက်ကြယ်" သီချင်း၊ မင်းလှမြို့နယ် ရွာသစ်ကျေးရွာ ဒုံးအဖွဲ့က "ကောက်ရိတ် ကောက်စိုက် ပျိုးနုတ်" သီချင်း၊ အုတ်ဖိုမြို့နယ် ရွှေတောင်ကုန်းကျေးရွာ ဒုံးအဖွဲ့က "ကောက်သစ်စားအောင်ပွဲ" သီချင်း၊ သာယာဝတီမြို့နယ် သာယာအေးကျေးရွာ ဒုံးအဖွဲ့က "ပြည်ထောင်စုဒုံး" သီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က ကပြဖျော်ဖြေတင်ဆက်ကြသည့် ဒုံးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ရာ သာယာဝတီမြို့နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား ကရင်တိုင်းရင်းသားရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနား ကျင်းပ




**ကန်ကြီးထောင့် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဂ္ဂကျွန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က ကရင်အမျိုးသားနှစ်သစ်ကူး သဝဏ်လွှာအား ဖတ်ကြားပြီး အဖွဲ့ဝင်(၁)ဗိုလ်မှူး ရဲနိုင်လွင်က နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ် ကရင်စာပေယဉ်ကျေးမှု အသင်းမှ နော်ဆီးဆာဖော်က ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံကို ဖတ်ကြားပြီး ကရင်စာပေယဉ်ကျေးမှုအသင်း ကိုယ်စား မန်းဝင်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဒေသခံ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၏ ကရင်ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အား ကန်ကြီးထောင့်မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ကရင်အမျိုးသားအလံတော်တင်၊ အလေးပြုခြင်းအခမ်းအနားများ၊ အားကစားပြိုင်ပွဲများ၊ ကာယ/ဉာဏ စွမ်းရည်ပြိုင်ပွဲများနှင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့်တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ အဆိုပါ သတ်ဖြတ်နေသည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း ပြုလုပ်လျက်ရှိသည်။ ထို့ပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime)မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ပိန္နဲကုန်း ရခိုင်ဂျာမေဗလီတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် ဖတ်ရှုရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများအပေါ် စာနာထောက်ထားပြီး ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည့် Video File များအား ဖြန့်ဝေခြင်းတို့ကို စိတ်မကောင်းစွာ တွေ့ရှိခဲ့ရပါသည်။

ယခုကဲ့သို့ လူမဆန်သည့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်အဖွဲ့အစည်းအား ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက် သောင်းကျန်းသူများက ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ ထိုသို့သတ်ဖြတ်နေသည်ကို Video များရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေလျက်ရှိရာ စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရပါသဖြင့် ၎င်းတို့၏ လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

AA အကြမ်းဖက်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်သည့် ပြစ်မှုများကို ကျူးလွန်ခဲ့ကြပါသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

ရခိုင်ပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၌ AA အကြမ်းဖက် သောင်းကျန်းသူများက တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ထိုသို့ သတ်ဖြတ်နေသည်ကို Video ရိုက်ကူးပြီး Social Media ပေါ်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရပါသဖြင့် ၎င်းတို့၏လုပ်ရပ်များကို ယုံကြည်ခြင်းဇဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးရမိခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်းနှင့် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည့် လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ**
**တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုများအား ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခြင်း ပြုလုပ်ခဲ့ကြသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့် လုပ်ရပ်များကို မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

AA အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ တပ်မတော်သားများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ကြပြီး အဆိုပါသတ်ဖြတ်နေမှုများကို Video File များ ရိုက်ကူး၍ လူမှုကွန်ရက်တွင် ဖြန့်ဝေခြင်းများကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိရသည်။

ယခုကဲ့သို့ AA အကြမ်းဖက်သမားများ၏ လူသားချင်းစာနာထောက်ထားမှုမရှိသည့် လုပ်ရပ်များကို လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမယ်ကလေးငယ်များကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ်သိရှိရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက် သောင်းကျန်းသူများ၏ လူမဆန်စွာ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိမှုအပေါ် သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**
**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခံခဲ့ရသည့် တပ်မတော်သားများအား ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူးကာ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း ရက်ရက်စက်စက် လူမဆန်စွာ သတ်ဖြတ်ခဲ့ကြသည်ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိမှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ လက်နက်ကိုင်သူပုန်များကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး စစ်ပွဲများဖြစ်ပေါ်လျက်ရှိရာ ဒေသလူထုသည် အိုးအိမ်စွန့်ခွာ၍ ဒေသအသီးသီးသို့ ထွက်ပြေးတိမ်းရှောင် ဒုက္ခရောက်လျက်ရှိကြသည်။

၂။ ထိုလက်နက်ကိုင်သူပုန်အဖွဲ့များထဲတွင် AA အကြမ်းဖက်အဖွဲ့သည် အရက်စက်ဆုံးအဖွဲ့ဖြစ်ကြောင်းကို-

(က) ရခိုင်လူထုကိုငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်း (Video File သက်သေ)

( ခ ) တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင် အမျိုးသမီးများနှင့် ကလေးများကို သတ်ဖြတ်ခဲ့ကြခြင်းစသည့် လုပ်ရပ်များကို အထောက်အထားများအရ သိရှိရသည်။

၃။ အထက်ပါ ရက်စက်ကြမ်းကြုတ်မှုများသည် ဂျနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ပြီး စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ရက်ရက်စက်စက် လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ AA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

(၁) AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ်မှ စတင်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် လုံခြုံရေးစခန်းများ၊ တပ်မတော်စခန်းများကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone များဖြင့် ယနေ့ထက်တိုင် တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ထိုသို့တိုက်ခိုက်ရာတွင် စစ်ကိုမလိုလားသော ဒေသခံရခိုင်တိုင်းရင်းသားပြည်သူများအနေဖြင့် နေရင်းနေရပ်များကို စွန့်ခွာသွားကြရပြီး အဆိုပါရခိုင်တိုင်းရင်းသားများရောက်ရှိရာ မြို့ရွာဒေသများတွင် ဒေသခံမြန်မာပြည်သူများက ကူညီဖေးမပေးလျက်ရှိသည်။

(၂) AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများရှိခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေဒေသတည်ငြိမ်ရေးအတွက် စွန့်လွှတ်စွန့်စား ရဲစွမ်းသတ္တိများဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ အချို့ဖြစ်စဉ်များတွင် ဒေသခံပြည်သူများအား ငဲ့ညှာသောအားဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့အနေဖြင့် AA အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်မှုခံခဲ့ရပြီး လူသားချင်းမစာနာသည့် လူမဆန်သော ရာဇဝတ်မှုများ ယုတ်မာစွာကျူးလွန်နေသည်ကို တွေ့ရသည်။

(၃) အဆိုးရွားဆုံးနှင့် အယုတ်မာဆုံးမှာ AA အကြမ်းဖက် သောင်းကျန်းသူများသည် တိုက်ပွဲအတွင်း ဖမ်းဆီးထားသော စစ်သုံ့ပန်းများကို ရက်ရက်စက်စက်သတ်ဖြတ်ပြီး ဗီဒီယိုရိုက်ကူး၍ လူမှုကွန်ရက်ပေါ်တွင် တင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ အမျိုးသမီးနှင့် ကလေးငယ်များပါမကျန် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများ ရက်စက်မှုထက် ပိုမိုဆိုးရွားပြီး ဂျနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်သည့် စစ်ရာဇဝတ်မှု(War Crime)မြောက်သော လူမဆန်သည့်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်။

(၄) နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်ဖျက်ဆီးနေသည့်၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အေးချမ်းသာယာလှပသည့် ရခိုင်ပြည်နယ်ကြီးကို ပျက်စီးအောင်ပြုလုပ်နေသည့် ဂျနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်ပြီး စစ်ရာဇဝတ်မှုများကို ရက်ရက်စက်စက် ကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများ အမြန်ဆုံး ချုပ်ငြိမ်းအောင်တိုက်ဖျက်ကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုများကို ရက်စက်စွာကျူးလွန်နေသည့် AA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ပဋိပက္ခများအတွင်း ဖမ်းဆီးရမိသည့်သူများအပေါ် လူသားချင်းစာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသည့် AA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်များအား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးတို့ အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ ယနေ့အချိန်အခါ၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံရင်ဆိုင်လျက်ရှိပြီး ယင်းသို့ ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများမဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့် ဖြစ်သည်ကို တွေ့မြင်ကြားသိရပါသည်။

၂။ ထိုသို့ လက်နက်ကိုင်ပြီး ဆန့်ကျင်နေသည့် ရခိုင်သူပုန်(AA)အကြမ်းဖက် အဖွဲ့အစည်းသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့်ပုံရိပ်များကို အွန်လိုင်းပေါ်တွင် လွှင့်တင်ခဲ့ကြသည်။ ထို့အပြင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင် အမျိုးသမီးများနှင့် ကလေးသူငယ်များကိုလည်း ထပ်မံသတ်ဖြတ်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ရပ်များသည် ဂျီနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ရန် ကြိုးစားနေသော ဒေသခံလူတချို့နှင့် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့ပြီး နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုများနှင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်နေသည့် စစ်ရာဇဝတ်မှု ကျူးလွန်နေသည့် ရခိုင်သူပုန် (AA)အဖွဲ့အား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲဖြစ်စဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၃၀.၁၂.၂၀၂၄)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၏ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးခြင်းခံခဲ့ရသည့်တပ်မတော်သားများအားAAအကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များကို ရိုက်ကူး၍ လူမှုကွန်ရက် Online တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း လူသားမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် တပ်မတော်သားများအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် Video File ကို ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ကြခြင်းတို့ကို စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုမူဆောင်ရွက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်

၁။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဒေသအချို့ရှိ တိုက်ပွဲဖြစ်စဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အန္တရာယ်ကိုငဲ့ညှာ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်မှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့ရာမှ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် တပ်မတော်သားများအား AA အကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် Video File များ ရိုက်ကူး၍ Online ပေါ်တွင် ဖြန့်ဝေခြင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် လူမမည်ကလေးငယ်များကိုလည်း လူမဆန်စွာသတ်ဖြတ်ခဲ့မှုကို စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်စွာ ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## သံဖြူဇရပ်မြို့နယ်၌ သံဖြူဇရပ် နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

သံဖြူဇရပ် ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သံဖြူဇရပ် နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်ပွဲတော်ကို ဇရပ်တည်ရှိရာ ရန်ကုန်-မော်လမြိုင်-မြိတ်လမ်းပေါ်ရှိ မြို့လယ်ပန်းခြံဝင်းအတွင်း၌ ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ နေ့စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။




အဆိုပါ အထိမ်းအမှတ်ပွဲတော်ကို အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ နေ့စဉ် မွန်းလွဲ ၃နာရီမှစတင်၍ ည ၁၀ နာရီအထိ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများမှကျောင်းသား ကျောင်းသူများက အက၊ အလှများ၊ စင်တင်တေးဂီတအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် မြို့ပေါ်ရပ်ကွက်များမှ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

**စည်ကားသိုက်မြိုက်**

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများ၊ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ပြိုင်ပွဲများမှ ဆုရရှိသူများအား ဒီဇင်ဘာ ၃၁ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် သံဖြူဇရပ် နှစ် (၁၅၀) ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျိုက်ထိုမြို့နယ်၌ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ကျင်းပ

ကျိုက်ထို ဒီဇင်ဘာ ၃၀

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၁ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ် နှစ်သစ်သို့ကူးပြောင်းသည့် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် ကျိုက်ထိုမြို့နယ် ဆိပ္ပျူးတောင် ဘ/က တွဲဖက်အထက်တန်းကျောင်း အားကစားကွင်း၌ အားကစားပြိုင်ပွဲများကျင်းပခဲ့သည်။ ပြိုင်ပွဲကျင်းပရာတွင် ဆိပ္ပျူးတောင်လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရှင်ဇောတိကက အဖွင့်သြဝါဒကထာမိန့်ကြားပြီး ကရင်အမျိုးသားနှစ်သစ်ကူးအထိမ်းအမှတ်ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘတ်စကက်ဘော၊ အလျားခုန်၊ အပြေးပြိုင်ပွဲနှင့် ဆန်ကောရွက်ပြိုင်ပွဲများကို ကျင်းပ၍ ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ သဘင်အကနှင့် လုမည့် ည အစီအစဉ်ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကား




**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့်လုမည့် ည"အစီအစဉ်ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် (၂)တို့၌ ကပြဖျော်ဖြေ တင်ဆက်ရာ လာရောက် ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲနှင့် မြန်မာ့ရိုးရာဇာတ်သဘင် ဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများ လုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန် အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ပြီး ဖျော်ဖြေပွဲဝန်းကျင် နေရာများကိုလည်း လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ဖျော်ဖြေပွဲကွင်းအတွင်း Photo Booth များ၌ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် အတူ အလှဓာတ်ပုံများ လွတ်လပ်ပေါ့ပါးစွာ ရိုက်ကြပြီး အပျော်တမ်းဂိမ်း ကစားကြသူများ၊ ချားရဟတ် စီးကြသူများနှင့် ကလေးများ ပျော်ရွှင်စွာ ပြေးလွှားခုန်ပေါက်ကစားရန် ကလေးကစားကွင်းများကိုလည်း စီစဉ်ထားသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စာရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရန် စားသောက်ဆိုင်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ပြီး ဒေသထွက်ကုန်များ၊ အစားအစာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစား အားပေးဝယ်ယူ စားသောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် သန့်ရှင်းမှုနှင့် စည်းကမ်းရှိသည့်ပွဲတော် ဖြစ်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များလည်း ထားရှိထားသည်။

ဦးစွာ တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များက Music Band များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါးတရလိုက်ပါသီဆို ပါဝင်ဆင်နွှဲကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းအဖွဲ့၏ "သဘင်အကနှင့် လုမည့် ည"ကို ကပြဖျော်ဖြေအပြီးတွင် ထိုင်းနိုင်ငံမှ Copy Show အဖွဲ့က "The Gang of Popular Copy Show" ဖြင့် သီဆိုဖျော်ဖြေကြရာ သဘင်ချစ်ပရိသတ်များနှင့် ဂီတကို ချစ်မြတ်နိုးကြသည့် ဂီတချစ်ပရိသတ်များ ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည်။

အလားတူ ဒီဇင်ဘာ ၃၁ ရက် ညတွင်လည်း Countdown ရေတွက်မည့် အစီအစဉ်အပါအဝင် ဂီတဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှ နံနက် ၁ နာရီအထိ သီဆိုကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဝင်ကြေးကို အခမဲ့ သတ်မှတ်ထားကာ ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခု သတ်မှတ်၍ မော်တော်ယာဉ်ကိုးစီးဖြင့် အခမဲ့ အသွားအပြန် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ မည်သူမဆို လာရောက်လည်ပတ်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း – လုလင်ပျို**

**ဓာတ်ပုံ – ဖိုးပြည့်စုံ**



## ကလောမြို့၌ နှစ်သစ်ကူးဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**ကလော ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့နယ်အားကစားကွင်း၌ ယနေ့ နံနက်ပိုင်းက နှစ်သစ်ကူးဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပရာ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ နှစ်သစ်ကူးဈေးရောင်းပွဲတော် ဆိုင်းဘုတ်အား ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်နှင့် မြို့မိမြို့ဖ ဦးစိုးမင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

နှစ်သစ်ကူးဈေးရောင်းပွဲတော်ကို ညီနောင်မိတ်ဆွေကုမ္ပဏီက ဦးဆောင်၍ ဆယ့်နှစ်ပွဲဈေးသည်များက လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ရောင်းချလျက်ရှိပြီး အပျော်စီးပင်လယ်ဓားပြနှင့် ကလေးစီးချားရဟတ်တို့ပါဝင်ကြောင်း၊ နှစ်သစ်ကူးဈေးရောင်းပွဲတော်ကို ညပိုင်းတွင် DJ အဖွဲ့နှင့် အဆိုတော်များဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၃၀

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျော်ဘွယ်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၅၂ တန်၊ အခြားသစ် ၅ ဒသမ ၂၄၉ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၆၃၂၂ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၇၂၂၄၀၂ ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၇၀၂၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၈၉၂၆၈၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး ၂ ဒသမ ၈၈၀ တန်၊ ကျွန်းသစ် သုည ဒသမ ၅၅၅ တန်၊ သစ်မာ သုည ဒသမ ၁၉၂ တန်၊ အခြားသစ် သုည ဒသမ ၉၂၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၀၄၅ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ဒီဇင်ဘာ ၂၇ ရက် နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၉၅၃၀၀၄၉) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

# ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကြောင်းထိုးကာ ပြည်သူ ၂၅၀ ကျော် ဖမ်းဆီးပြီး စစ်ဘေးရှောင်တဲများနှင့် ဆိုင်ကယ်များကို အကြောင်းမဲ့မီးရှို့ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်း ဒေသကြီး ဘုတလင်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၅ ရက်မှ ၂၈ ရက်အတွင်း စစ်ကြောင်းထိုးကာ ပြည်သူ ၂၅၀ ကျော်ကို ဖမ်းဆီးပြီး စစ်ဘေးရှောင်တဲများနှင့် ဆိုင်ကယ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရ သည်။




**လုပ်ကြံရေးသားဖြန့်ဝေနေ**

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဘုတလင်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းများ မရှိကြောင်း၊ အကြမ်းဖက် သောင်းကျန်းသူများကသာ ၎င်းတို့နှင့်အမြင်မတူသည့် ရဟန်းသံဃာများ၊ အစိုးရဝန်ထမ်းများ၊ ဒေသခံပြည်သူများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာ/ရပ်ကွက်များအား မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်သည်ဟု ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁၂-၂၀၂၄ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း
၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၁၃:၃၀ MRTV National News
၁၅:၀၅ မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအမွေ
၁၆:၄၀ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
၁၇:၀၅ မှတ်မှတ်ထင်ထင် ၂၀၂၄ ခုနှစ်၏ အားကစားလောကတစ်ခွင်
၁၇:၄၅ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်း
၁၈:၃၅ ပြည်ချစ်သားမွန် တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ New Year Countdown 2025 Music Concert
၀၀:၀၀ New Year Countdown
၀၀:၀၀ ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်'
၀၀:၀၇ ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကူး ဩဝါဒ (ဆရာတော်များ)
၀၀:၂၈ ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကူး ဆုတောင်းစကားသံများ (ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဖဟို၊ YMBA)
၀၀:၃၄ ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကူး ဆုတောင်းစကားသံများ (ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များ)

**mitv**

07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)
07:09 Alms Bowl
07:29 "Commercial Farming to GDP Growth, Lady's Fingers Grower
07:42 Don Min Artist
08:01 News
08:26 Nga Laik Sakhanthar Elephant Camp
08:42 Dhammayangyi Temple
09:01 "Topical Science Topics (Current Life Expectancy and Longevity)
09:35 Traditional Myanmar Theatrical Performance (Raja Mahaythi Thonbanhla Devi)
09:40 Crickets: Seasonal Delicacy & Job Opportunity
10:01 News
10:25 "Lifestyle & Entertainment (Weekly Updates)
10:34 The Boat Trip to the Three Islands Around Ngwe Saung

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ရေခြားမြေကွာအဝေးအကြားမှ ကျရာတာဝန်ကျေပွန်ကြသူများ(အပိုင်း-၁)
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စားချင်စရာ ဝဥဟင်းအရသာ
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်၊ ရေးမယ်တို့ဒိုချင်းစာ(အပိုင်း-၂၉)
**ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (ရှိကျေးရွာက ထင်ကျန်ထူးခြားခြေရာများ)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အရသာရှိသောမွန်ပြည်နယ်က ကျွဲကောသီး
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၇)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းရှမ်းစက္ကူ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကန့်လန့်ကာနောက်ကွယ်က အသံလှိုင်းများ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၇:၄၅ နိုင်ငံတကာစီးပွားရေးသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်ရှု'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၃)

**MRTV FARMERS' / HTV Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ တောင်သူ့ဘဝမြှင့်တင်ဖို့ စနစ်ကျလယ်ယာမြေဖော်ထုတ်ကြပါစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၃၅ Family Farmers-the Future of Asia and the Pacific
၁၉:၀၅ 200 Futuristic Agriculture Machines That are Next Level
၁၉:၄၅ International Music Hits
၂၀:၀၀ ချွန်စက်(ဇာတ်လမ်း)
၂၂:၀၀ Satyaprem.Ki.Katha(နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၇:၀၀ အားကစားသတင်း
၂၂:၀၀ U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ) (Replay) (ရောဝတီတိုင်း နှင့် ရန်ကုန်တိုင်း)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တာမွေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၃၀

ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သံသုမာလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်မြင့်ဗိုလ်(ခ)ဗိုလ်ဗိုလ်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ထွန်းမြတ်သူအား သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် အောင်မြင့်ဗိုလ်(ခ)ဗိုလ်ဗိုလ်(၃၄)နှစ်နှင့် ထွန်းမြတ်သူ (၃၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ထွန်းမြတ်သူနှင့် အောင်မြင့်ဗိုလ်(ခ)ဗိုလ်ဗိုလ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၃၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား"အစီအစဉ်မှ **"ပြည်ပနိုင်ငံများတွင် ခိုလှုံခွင့်ရရှိစေရေး အသည်းအသန် ကြိုးစားနေရတဲ့ သစ္စာဖောက်ပြည်ပြေးအစိုးရနှင့် အပေါင်းအပါများ"** ခေါင်းစဉ်ဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"အနောက်မျှော်မီဒီယာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းကြား သွေးမကွဲဖို့ လိုအပ်နေပြီ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



သီဟလှိုင်(ခ)ကိုညီနှင့် မတင်မူလှိုင်(ခ)စနေမ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကလေးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၃၀

ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု ရေယားကျေးရွာအနီးတွင် သီဟလှိုင်(ခ)ကိုညီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီ မိနစ် ၅၀ တွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံမည့်သူ မတင်မူလှိုင်(ခ)စနေမအား တောင်ငူမြို့ အမှတ်(၇) ရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် သီဟလှိုင်(ခ) ကိုညီ(၄၄)နှစ်နှင့် မတင်မူလှိုင်(ခ)စနေမ(၃၁)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၂၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၃၀

ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် မြို့ရှောင်လမ်းတွင် သာလာစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၈ နာရီ ၄၅ မိနစ်တွင် စိတ်ပြောင်းဆေးဝါးများ ရောင်းချပေးသူ စိုင်းခမ်းပန်(ခ)အားလုံအား တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် သာလာစိုး(၂၇)နှစ်နှင့် စိုင်းခမ်းပန်(ခ)အားလုံ(၂၉)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သာလာစိုးနှင့် စိုင်းခမ်းပန်(ခ)အားလုံတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းပြုလုပ်သည့် " မူးယစ်ဆေးဝါး သားကောင်မဖြစ်စေရေး၊ စုပေါင်းကာကွယ်ပေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြောပွဲတွင် မေးမြန်းဆွေးနွေးသူများအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က ဆောင်ရွက်ကြသည်။ ဖြေကြားဆွေးနွေးသူအဖြစ် အင်းစိန်မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ယနေ့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးသားကောင်များဖြစ်နေကြသည့် ကျောင်းသား လူငယ်များအကြောင်းနှင့် မူးယစ်ဆေးဝါး ဖြတ်လိုသူများကို ကူညီဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် စုပေါင်းကာကွယ်တိုက်ဖျက်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် တာဝန်သိသိ သစ္စာရှိရှိဖြင့် ဆောင်ရွက်နေသည့် သမိုင်းဝင်ဆောင်ရွက်ချက် လုပ်ငန်းများအကြောင်းကို စိတ်ဝင်စားဖွယ် ပြည့်စုံစွာ ဆွေးနွေးဟောပြောသွားသည်။

မြင့်ဦး

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# မြောင်းမြမြို့နယ် လူတော်ကြီးကျေးရွာ၌ Solar Mini-Grid မီးလင်းရေးလုပ်ငန်းဖွင့်ပွဲ ကျင်းပ



ပုသိမ် ဒီဇင်ဘာ ၃၀

(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် လူတော်ကြီးကျေးရွာ၌Solar Mini-Grid မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ကျင်းပသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အသေးစားဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များပက်ဖျန်းကာ အသေးစား လျှပ်စစ်ဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အကအဖွဲ့များအား ဆုငွေများပေးအပ်ချီးမြှင့်သည်။

လူတော်ကြီးကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ်စီမံကိန်းကို ကျေးရွာရှိအိမ်ထောင်စု ၄၂၀ ခန့် အကျိုးခံစားရရှိရန် မျှော်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်အိမ်ထောင်စုပေါင်း ၂၁၈ အိမ်ခန့်အား ဓာတ်အားချိတ်ဆက်ရယူပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပခုက္ကူမြို့၌ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူသင်တန်းနှင့် လက်ရက်ကန်းသင်တန်းဆင်းပွဲ ကျင်းပ

ပခုက္ကူ ဒီဇင်ဘာ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူတစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လ (ဒုတိယအကြိမ်) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ ခွဲက ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်သန္တာယုက ရက်ကန်းပညာရပ်များ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ရက်ကန်းလုပ်ငန်းဆိုင်ရာ နည်းပညာများနှင့် အတတ်ပညာများ ပိုမို ထွန်းကားကျယ်ပြန့်စေရန်၊ ရက်ကန်းပညာရှင်များ တိုးပွားလာစေရေးတို့အတွက် နှစ်စဉ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံပိုင် ချည်မျှင်နှင့် အထည်စက်ရုံများ၊ ပုဂ္ဂလိကပိုင် ရက်ကန်းလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ တိုင်းရင်းသားရိုးရာ အထည်များနှင့် ရက်ကန်းအတတ်ပညာများ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ မိသားစုဝင်ငွေ တိုးပွားစေရေး တတ်မြောက်ထားသော ရက်ကန်းအတတ်ပညာရပ်များဖြင့် တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်လုပ်ကိုင်နိုင်စေရန်၊ ရက်ကန်းပညာများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

**စာတွေ့ လက်တွေ့ သင်ကြားပေး**

ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ တစ်နှစ်သင်တန်းကို ဇန်နဝါရီ ၁ ရက် မှ ဒီဇင်ဘာ ၃၁ ရက် အထိနှင့် လက်ရက်ကန်း ခြောက်လ သင်တန်းကို ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစက်ချုပ်၊ လက်ရက်ကန်း၊ တိုင်းရင်းသားဂျပ်ခုတ်၊ ချည်မျှင်ထုတ်လုပ်မှုနည်းပညာ၊ အထည်ခွဲစိတ်လေ့လာခြင်း၊ အဖြူချွတ်ဆေးဆိုး၊ အထည်ဒီဇိုင်း၊ မော်တာအပ်ချုပ်စက်ကိုင်တွယ် ထိန်းသိမ်းအသုံးပြုနည်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

❏

# ဝေါမြို့နယ် မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်



ဝေါ ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လျှပ်စစ်မီးသုံးစွဲမှုစစ်ဆေးခြင်းကို အဆိုပါဈေး၌ ယမန်နေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်နှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့များက ဈေးအတွင်းလျှပ်စစ်မီးသုံးစွဲမှု ကြည့်ရှုစစ်ဆေးကာ ဈေးသူဈေးသားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြုပြီး မီးငြိမ်းသတ်နည်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ် ခဲ့သည်။

ထို့နောက် ညနေ ၄ နာရီတွင် မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော်၊ ဒီဇင်ဘာလ (၃၀) ရက်

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင် နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအားဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင်သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ၆ ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၆.၁.၂၀၂၅ ရက်မှ ၁၄.၂.၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ ?၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့ ၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅

**- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ ရှေးဟောင်းသမိုင်းဝင် ဆင်တောင်(လွိုင်စန့်)ဘုရားစေတီ ရှေးမူမပျက်ပြုပြင်နိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**မိုးနဲ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဆင်တောင်(လွိုင်စန့်) ဘုရားစေတီ ရှေးမူမပျက် ဘက်စုံပြုပြင်နိုင်ရေးအတွက် ရှမ်းပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးဘုန်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဂေါပကဥက္ကဋ္ဌ ဦးတိုးလှနှင့် ဆင်တောင်(လွိုင်စန့်) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးစိုင်းမောင်ကြီးတို့က ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးစိုင်းမောင်ကြီးတို့က ဆင်တောင်ဘုရားမြေထိန်းနံရံဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာငွေစုဆောင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘုန်းကျော်က ရှေးမူမပျက်ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သောနည်းပညာ၊ ပညာရှင်များနှင့် ပေါင်းစပ်၍ အမြန်ဆုံးပြုပြင်နိုင်ရေးကြီးကြပ် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကျွန်းလှမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ကျွန်းလှ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းက ရွှေကျွန်းမြေမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းနှင့် သစ်တောဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဌာနအသီးအသီးမှ ပြိုင်ပွဲဝင်ခြောက်သင်း၊ အားကစားသမား ၇၂ ဦးဖြင့် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀ ရက်ထိ ကျင်းပခဲ့ကြောင်း၊ ပထမနှင့် ဒုတိယဆုရ အားကစားအသင်းများအား (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ပဉ္စမအကြိမ်မြောက် အင်္ဂါဆွမ်းလောင်းအသင်းကြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ညောင်လေးပင် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၂)ရပ်ကွက် သမစိတ္တလမ်းရှိ အင်္ဂါဆွမ်းလောင်းအသင်းကြီး၏ ပဉ္စမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် စနစ်တကျလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

ပဉ္စမအကြိမ်မြောက် အင်္ဂါဆွမ်းလောင်းအသင်းကြီး၏ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ညောင်လေးပင်မြို့နယ်ရှိ ကျောင်းပေါင်း ၃၉ ကျောင်းမှ သံဃာတော်အရှင်သူမြတ် ၇၅၆ ပါးတို့အား လောင်းလှူမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိစေတနာရှင် အလှူရှင်များအနေဖြင့် လာရောက်လောင်းလှူနိုင်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# သဃ်္ဃန်းကျွန်းမြို့နယ်တွင် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်း ဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို သဃ်္ဃန်းကျွန်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းစန်းထွေးက အမှာစကား ပြောကြားခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက ကျေးဇူးတင်စကား ပြောကြားခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းဝင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ကျင်းပသည်။

ဆက်လက်၍ ပြိုင်ပွဲမှဆုရရှိသော သားကောင်းမိခင်နှင့် ကလေးများအား ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲဝင်သူများကို ချည်ထိုးပန်းများနှင့် ကြက်ဥတစ်ကတ်စီ ပေးအပ်၍ အာဟာရအဖြစ် ကော်ဖီနှင့်မုန့်များ ကျွေးမွေးသည်။

အခမ်းအနားသို့ သဃ်္ဃန်းကျွန်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းမှ ပြိုင်ပွဲဝင်မိခင်နှင့် ကလေးများတက်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သူရိန်(ပြန်/ဆက်)**




# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ ဒုတိယအကြိမ်ခရစ္စမတ်ပွဲတော် ကျင်းပ



တာမွေ ဒီဇင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဃ်န်းကျွန်းခရိုင်က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ခရစ္စမတ်ပွဲတော်အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ဝေဇယန္တာ အတွင်းလမ်း ဇဝ်ဂေလိဓမ္မကောလိပ်ကျောင်းဝင်း အတွင်းရှိ ငြိမ်သက်ခြင်းဇဝ်ဂေလိအသင်းတော်၌ ကျင်းပသည်။

ဦးစွာ သိက္ခာတော်ရ ဆရာဦးစိုးခိုင်နှင့်အဖွဲ့က ခရစ္စမတ်ဓမ္မသီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး တာမွေမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်ဆုတောင်းခဲ့သည်။ ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားပြီး သဃ်န်းကျွန်းမြို့နယ်ဇဝ်ဂေလိအသင်းတော် ဒေါ်လင်ဒါဂရေ့စ်နှင့် MECA လူငယ်များအဖွဲ့က ခရစ္စမတ်ဓမ္မသီချင်းများ သီဆိုခဲ့ကြသည်။ ထို့နောက် သိက္ခာတော်ရ ဆရာဒေါက်တာအေးမင်းက ခရစ္စမတ်သတင်းစကားပြောကြားခဲ့ပြီး တာမွေမြို့နယ် ကျေးဇူးတော် ဇဝ်ဂေလိခရစ်တော်အသင်းတော်က ခရစ္စမတ်ဓမ္မသီချင်းသီဆိုခဲ့ပြီး သိက္ခာတော်ရ ဆရာစောအယ်ကောက ခရစ္စမတ်အထူးဆုတောင်းခဲ့သည်။ ယင်းနောက် သဃ်န်းကျွန်းမြို့နယ် ကရင်နှစ်ခြင်းအသင်းတော်မှ နော်ပေရယ်ထွန်းက ဓမ္မသီချင်းသီဆိုခဲ့ပြီး ခရစ္စမတ်ပွဲတော်ဖြစ်မြောက်ရေးအတွက် လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များအား သက်ဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီး ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် ကြွရောက်လာကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဧည့်ပရိသတ်အပေါင်းအား ခရစ္စမတ်ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ



မုဒုံ ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရပ်ကွက်/ကျေးရွာပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက အားကစားပြိုင်ဝင်း အတွင်းရှိ ဖူဆယ်ကွင်း၌ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မုဒုံမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီ မြို့နယ်ဘောလုံးအဖွဲ့ ချုပ်တို့ပူးပေါင်း၍တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ လူငယ်လူရွယ်များ အားကစားစိတ်ဓာတ် ရှင်သန် ထက်မြက်စေရေးနှင့် ပြည်နယ်အတွင်း အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် ပြိုင်ပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ ဖူဆယ်ဘောလုံးအသင်း ရှစ်သင်းတို့က လေးအုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး (ဒုတိယနေ့)ပွဲစဉ်တွင် MOEP F.C၊ Happy Brother F.C၊ YantanF.C၊ ဘော်ဒါ F.C ဖူဆယ်ဘောလုံးအသင်းတို့က ယှဉ်ပြိုင်လျက်ရှိရာ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် လွပ်လပ်ရေးနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)

# မဟာအောင်မြေမြို့နယ်၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ကျင်းပ

မန္တလေး ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

## ရှင်းလင်းပြောကြား

ဦးစွာ မဟာအောင်မြေမြို့နယ် အောင်ပန်းမြေကိုယ်ပိုင် အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေအောင်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်စကားဝိုင်းများ ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။




ဆက်လက်၍လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး အောင်ပန်းမြေကိုယ်ပိုင် အလယ်တန်းကျောင်းမှ Grade-7 ကျောင်းသားမောင်ထွန်းတေဇအောင်က လူငယ်နှင့် စေတနာ့ဝန်ထမ်း ခေါင်းစဉ်၊ Grade-7 ကျောင်းသူ မခေတ်သစ်မှူးထွဋ်က လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်၊ Grade-8 ကျောင်းသား မောင်ရှင်းခန့်ထွန်းက လူငယ်နှင့် သိပ္ပံနည်းပညာခေါင်းစဉ်၊ Grade-8 ကျောင်းသူ မဇူးဇူးနောင်က လူငယ်နှင့်စာပေ အနုပညာ ခေါင်းစဉ်၊ Grade-6 ကျောင်းသား မောင်ရှိုင်းမြတ်မင်းက လူငယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးခေါင်းစဉ်၊ Grade-8 ကျောင်းသူ မချမ်းမြေ့ကြည်သူက လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# မအူပင်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား ကျင်းပ

မအူပင် ဒီဇင်ဘာ ၃၀

ကရင်သက္ကရာဇ်၂၇၆၄ ခုနှစ် ပြာသိုလဆန်း ၁ ရက် (၈၇)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၄) ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဦးစွာ ကရင်အမျိုးသားအလံတော်လွှင့်တင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတော်အား တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက အလေးပြုကြပြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေး ကော်မတီ ပဓာနနာယကဆရာတော်က မင်္ဂလာဖားစည်တီး၍ (၈၇)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟိုကော်မတီ(မဟာရန်ကုန်)မှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာကို မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ဖတ်ကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာ



ဝန်ကြီး ဦးစောလင်းခယ်ထံမှ ပေးပို့သောသဝဏ်လွှာကို မအူပင်မြို့ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ဖတ်ကြားပြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံစာတမ်းကို မအူပင်တက္ကသိုလ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ နန့်သီတာကျော်က ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# ချောင်းဆုံမြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား ကျင်းပ

ချောင်းဆုံ ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နီးမုတ်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကရင်အမျိုးသားအလံကို လွှင့်ထူခြင်းနှင့် (၈၇)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ကရင်တိုင်းရင်းသားများ စုပေါင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးထံမှ ကရင်အမျိုးသား နှစ်သစ်ကူးနေ့အထိမ်းအမှတ်ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက ဖတ်ကြားသည်။ ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမျိုးဝင်းက ဖတ်ကြားပြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို မြန်မာဘာသာ၊ ကရင်ဘာသာတို့ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားဖြစ်မြောက်ရေး ကရင်စာပေနှင့် ယဉ်ကျေးမှုလုပ်ငန်း ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ အခမ်းအနားကျင်းပရေးကော်မတီ တာဝန်ရှိသူက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျေးရွာအလိုက် အကအဖွဲ့များက ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြရာ ရပ်ဝေးရပ်နီးမှ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပိုင်ကျုံမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

ပိုင်ကျုံ ဒီဇင်ဘာ ၃၀

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကစိုကျေးရွာတွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို အဆိုပါကျေးရွာ၏ နှစ်သစ်ကူးကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဖွင့်လှစ်**

အခမ်းအနားကို ကျွဲချိုမှုတ်၍ ဖားစည်တီးကာ ဖွင့်လှစ်ပြီး ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက ကရင်အမျိုးသား အလံတော်ကို လွှင့်တင်ပေးကာ တက်ရောက်လာသူများက ကရင်အမျိုးသားသီချင်းကို သီဆိုပြီး



ကရင်အမျိုးသားအလံတော်ကို အလေးပြုကြသည်။

အခမ်းအနားတွင် သဘာပတိက နှစ်သစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ ပေးပို့လာသော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာကို ပိုင်ကျုံမြို့ အုပ်ချုပ်ရေးမှူး ဦးထူးဝင့်ကျော်က လည်းကောင်း၊ KNU (ကရင်အမျိုးသားအစည်းအရုံး)ဥက္ကဋ္ဌ စောကွယ်ထူးဝင်းမှ ပေးပို့လာသော နှစ်သစ်ကူး သဝဏ်လွှာကို စောကွက်ကဘောထူးက လည်းကောင်း၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းကို ပိုးကရင်၊ စကောကရင်ဘာသာတို့ဖြင့် တာဝန်ရှိသူများကလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် တက်ရောက်လာသူများက (အုံ့ဃူ့အုံ့ဃှင်) "စည်းလုံးကြစို့" သီချင်းဖြင့် သီဆိုပြီး ကရင်ရိုးရာ ကောက်သစ်စားပွဲနှင့် ဖိဗီးယော်ပူဇော်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း၊ ပွဲတော်လာဧည့်သည်များကို စတုဒိသာထမင်းများဖြင့် ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ **ကျောဖုံးမှ**

မိုဟာမက်ဆာလာက တစ်ဂိုး၊ ၅၄ မိနစ်မှာ အလက်ဇန္ဒားအာနိုးက တစ်ဂိုး၊ ၈၄ မိနစ်မှာ ဒီယေဂိုဂျိုတာက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဆာလာကတော့ ယခုဘောလုံးရာသီမှာ သွင်းဂိုး ၂၀ အထိ သွင်းယူထားနိုင်ခဲ့ပေမယ့် ရာသီကုန်မှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်တာကြောင့် အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

နည်းပြ စလော့ရဲ့ လီဗာပူးအသင်းဟာ ယခုဘောလုံးရာသီအတွင်း ဘယ်အသင်းမှ ရပ်တန့်လို့မရတဲ့ အနေအထားမှာရှိနေပြီး လက်ရှိအချိန်မှာ အမှတ်ပေးဇယား ဒုတိယနေရာက နော့တင်ဟမ်ဖောရက်စ်အသင်းထက် တစ်ပွဲလျော့ကစားထားချိန်မှာ ရမှတ် ၄၅ မှတ်ရရှိထားကာ ရှစ်မှတ်ဖြတ်နဲ့ ဦးဆောင်နေတာလည်းဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၉) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၃)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**ငွေကြယ်**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မြစ်ကြီးနားမြို့ရှိ အများပြည်သူအပန်းဖြေရာ ပန်းခြံနှင့် ကစားကွင်းများ သန့်ရှင်းသာယာလှပစေရေး ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဒီဇင်ဘာ ၃၀

အများပြည်သူရုံးပိတ်ရက်များတွင် ပြည်သူများ လွတ်လပ်စွာပျော်ရွှင်နိုင်ရေး၊ ပန်းခြံများသန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စိမ်းလန်းစိုပြည်စေရေး အတွက် ကချင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်သည် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ပေါ်ရှိ ပန်းခြံများနှင့် ကစားကွင်းများအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေးရှိ အများပြည်သူအပန်းဖြေရာ နေရာတစ်ခုဖြစ်သည့် စိမ်းမြရောပန်းခြံနှင့် ကလေးကစားကွင်းသို့ သွားရောက်ပြီး ပန်းခြံအတွင်း လျှောက်လမ်းများ၊ ဈေးဆိုင်ခန်းများ သန့်ရှင်းမှုရှိစေရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ပန်းပင်များနှင့် မြက်များ ဖြည့်စွက်စိုက်ပျိုးနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာအားကစားပစ္စည်းများ အသစ်တပ်ဆင်လဲလှယ်ပေးနိုင်ရေး၊ ကလေးငယ်များ အန္တရာယ်ကင်းရှင်းစွာ ဆော့ကစားနိုင်ရေး၊ ကစားကွင်းများအား သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြစ်ကြီးနားလေဆိပ်ရှေ့ရှိ ပန်းခြံများအတွင်း အမှိုက်ကင်းစင်ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် မေခပန်းခြံရှိ Welcome to Myitkyina နှင့် ပုံဖော်ဆောင်ရွက်ထားသော ပန်းခြံစာသားတို့အား ရောင်စုံဆလိုက်မီးများ ထွန်းညှိထားရှိရေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ထိုမှတစ်ဆင့် မင်းရပ်ရပ်ကွက်ရှိ ပြည်သူ့ရင်ပြင်နှင့် ဧရာဦးပန်းခြံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၃၁၉ ဧကအထိ စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၁၁၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ယနေ့အထိ ၃၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်စိုက်ဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ပန်းနှမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေကို အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်နည်းစနစ်နဲ့ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိအောင်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းပညာနဲ့ သွင်းအားစုပစ္စည်းတွေစနစ်တကျသုံးစွဲတတ်အောင် တောင်သူပညာပေးတွေကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခင်နှစ်က ဆီထွက်သီးနှံ ပန်းနှမ်းစိုက်ပျိုးခြင်းကို ၁၂၁ ဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင်သတ်မှတ်လျာထားစိုက်ဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးထားရှိသော ပန်းနှမ်းစိုက်ခင်းများကို သီးနှံအထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)


စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေပါသည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသောအဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်း တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကိုကျစေခြင်းဖြင့် အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေမြင့်မားစေခြင်း တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။



မပြည့်ဝဆီ



ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား (၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်၊မေလ)



ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ကျန်းမာရေးဝန်ကြီးဌာန

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့

- စားသုံးဆီများတွင် အခြေခံအားဖြင့် ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးနိုင်သည့် မပြည့်ဝဆီများ (Unsaturated)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ (Saturated Fats) နှင့် လုံးဝမစား သုံးသင့်သော အသွင်ပြောင်းဆီများ (Trans Fats) ဟူ၍ (၃)မျိုးရှိပါသည်။
- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ် (HDL) တိုကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါ နှင့် အမျိုးအစား(၂)ဆီးချိုရောဂါစသည့် မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေပါ သည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ် (LDL) များ လွန်ကဲစွာ မြင့်တက် စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ (ဥပမာ - စားအုန်းဆီ၊ ဆီကြော်အစား အစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)




မပြည့်ဝဆီ ပါဝင်သည့်အစားအစာများ




ပြည့်ဝဆီ ပါဝင်သည့်အစားအစာများ

- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာ ဟင်းသီးဟင်းရွက် ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်စီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသော ဆီများတွင် ပါဝင်သည်။
- ➤ အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများတွင် ပါဝင်သည့်ဆီဖြစ်သည်။
- ➤ ဆိုးကျိုးများမှာ - သွေးတွင်းမကောင်းသောအဆီ (Trigiycerides) များပိုမို မြင့်တက် စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကို ကျစေခြင်း၊ အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် အချို့သော ကင်ဆာရောဂါများ ဖြစ်နိုင်ခြေမြင့်မားစေခြင်းတို့ ဖြစ်စေနိုင်သည်။



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စားပါ၊ မပြည့်ဝဆီသင့်တင့်စွာစားပါ၊
အသွင်ပြောင်းဆီပါဝင်နိုင်သည့် အစားအစာများ စားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ပါ၊

(မေလ၊ ၂၀၂၄)

# လူငယ်နှင့် အသိပညာဗဟုသုတရှာမှီးခြင်း

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

**တွေ့သမျှ စာတိုပေစ၊ စာရွက်စာတမ်းများကို လက်လှမ်းမီသလောက် အကုန်သိမ်းကျုံးဖတ်ခဲ့သည်။ မှတ်စရာရှိသည်ကို မှတ်ထားခဲ့သည်။ ကြားသမျှ မြင်သမျှ ဗဟုသုတကိုလည်း ဘာမှအလွတ်မခံဘဲ မသိတာ၊ နားမလည်တာရှိလျှင် သိနားလည်သောသူများဆီ တရိုတသေချဉ်းကပ်ပြီး မေးမြန်းသည်။ ဆည်းပူးသည်။ မှတ်သားသည်။ ကွန်ဖြူးရှပ်သည် ၁၅ နှစ်သားအရွယ်ရောက်သောအခါ "တစ်နေ့မှာ ပညာရှိဖြစ်ရမယ်"ဟု ခိုင်မာသော ဆုံးဖြတ်ချက်ချခဲ့**

လူငယ်များသည် ဘဝခရီးလျှောက်လှမ်းရာဝယ် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိသော အသိပညာရှိရန်လိုသည်။ အမှန်နှင့် အမှားကို ဆုံးဖြတ်သောအခါမှာ အားကိုးယုံကြည်လောက်သောအကြောင်းမှာ ကိုယ်တိုင်လက်တွေ့သိသော အသိဉာဏ်ပင်ဖြစ်သည်။ လူငယ်များသည် ပညာသင်ကြားရင်း ဗဟုသုတရှာမှီးရန်လိုသည်။ မိမိသိရှိထားသော ပညာဗဟုသုတများကို ပြန်လည်မျှဝေရန် လိုသည်။ စာဖတ်ခြင်းမှ ဗဟုသုတအသိပညာများ ရရှိလာမည်ဖြစ်သည်။

ပညာရှိကွန်ဖြူးရှပ်က ပညာတတ်နှင့် လူတော်လူကောင်းကို ခွဲခြားသင်ပြခဲ့သည်။ ကွန်ဖြူးရှပ်က စာတွေအများကြီးဖတ်ပြီး ဖတ်သလောက်မှတ်မိလျှင် ထိုသူသည် ပညာတတ်ဟုဆိုသည်။ ဖတ်ခဲ့မှတ်ခဲ့သော ပညာဗဟုသုတများကိုအခြေခံပြီး လိမ်လိမ်မာမာနှင့် ကောင်းကောင်းမွန်မွန် နေထိုင်တတ်လျှင် ထိုသူသည် လူတော်လူကောင်းဟုဆိုသည်။ မှတ်သားဖွယ်ရာ ပညာရှိစကားပင်ဖြစ်သည်။

"လူတိုင်းဟာ မိဘနဲ့ လူကြီးသူမတွေကို ရိုသေကိုင်းရှိုင်းရမယ်။ လေးလေးစားစား ဆက်ဆံရမယ်။ မကောင်းတာမလုပ်ရဘူး။ မမှန်တာမပြောရဘူး။ စိတ်ကိုအမြဲ ဖြူစင်သန့်ရှင်းအောင် ထားရမယ်။ တစ်ဦးချင်းစိတ်ထားဖြူစင်မှ တစ်အိမ်ထောင်လုံး စိတ်ထားဖြူစင်မယ်။ တစ်မြို့လုံးစိတ်ထားဖြူစင်မှ တစ်တိုင်းပြည်လုံး စိတ်ထားဖြူစင်မယ်။ တစ်တိုင်းပြည်လုံးစိတ်ထားဖြူစင်မှ တစ်ကမ္ဘာလုံးစိတ်ထား ဖြူစင်မယ်"

ဤဆုံးမသွန်သင်မှုများကို ပြောဆိုခဲ့သူကား ပညာရှိ "ကွန်ဖြူးရှပ်" ဖြစ်ပါသည်။ ကွန်ဖြူးရှပ်၏ ဆုံးမသွန်သင်မှုများသည် တရုတ်ပြည်တွင် အလွန်တရာမှ လူကြိုက်များခဲ့သည်။

ပညာရှိ ကွန်ဖြူးရှပ်ဟုဆိုသော သူ၏ဘဝဖြတ်သန်းမှုကို လူငယ်များသိထားစေရန် တင်ပြလိုပါသည်။ ကွန်ဖြူးရှပ်ကို လွန်ခဲ့သော (နှစ်ပေါင်း ၂၅၀၀ ကျော်) ဘီစီ ၅၅၀ လောက်က ဆောင်းတွင်းကာလတစ်ခုတွင် တရုတ်ပြည်မြောက်ပိုင်း လျူပြည်နယ်ထဲရှိ ချုံဖူးဟုခေါ်သော မြို့ကလေးတွင် မွေးဖွားခဲ့သည်။ ကွန်ဖြူးရှပ်၏ ဖခင်ဖြစ်သူမှာ ထိုခရိုင်၏ စစ်စခန်းမှူး ရှုလင်ဟဲဖြစ်သည်။ ယခင်ကတော့ သူတို့သည် ကျိုကျိုတက်ချမ်းသာသော မျိုးရိုးကောင်းများ ဖြစ်သည်။ သို့ရာတွင် ကွန်ဖြူးရှပ် မမွေးဖွားခင်မှာဘဲ စီးပွားပျက်ခဲ့သည်။ ကွန်ဖြူးရှပ်မွေးဖွားလာချိန်မှာတော့ စီးပွားရေးအခြေအနေက လုံးဝမကောင်းတော့ချေ။

ကွန်ဖြူးရှပ်သုံးနှစ်သားအရွယ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်သွားသဖြင့် ကွန်ဖြူးရှပ်သည် မိသားစုနှင့်အတူ ဆင်းရဲပင်ပန်းစွာ ရုန်းကန်ကြီးပြင်းခဲ့ရသည်။ ဤသို့ဖြင့် ကွန်ဖြူးရှပ်သည် ငယ်စဉ်ကလေးဘဝကတည်းက အငှားနွားကျောင်းသောအလုပ်ကို လုပ်ခဲ့ရသည်။ မည်သည့်အလုပ်ကိုပဲလုပ်လုပ် စိတ်ဝင်တစားနှင့် ဂရုတစိုက်လုပ်တတ်သော ကွန်ဖြူးရှပ်ကြောင့် သူကျောင်းရသောနွားများသည် နဂိုကထက် ပိုပြီးဝဖြိုးလာသည်။ အပျောက်အရှလည်း မရှိသဖြင့် ပိုင်ရှင်များမှာ ပိုပြီး စီးပွားတက်ခဲ့ကြသည်။

ကွန်ဖြူးရှပ်သည် ဘဝအခြေအနေအရ နွားကျောင်းသားဖြစ်ခဲ့ရသော်လည်း ပညာဗဟုသုတကိုမူ ရသောအချိန်တွင် ရသလောက်လေ့လာရှာမှီးသောအကျင့်ရှိသည်။ တွေ့သမျှ စာတိုပေစ၊ စာရွက်စာတမ်းများကို လက်လှမ်းမီသလောက် အကုန်သိမ်းကျုံးဖတ်ခဲ့သည်။ မှတ်စရာရှိသည်ကို မှတ်ထားခဲ့သည်။ ကြားသမျှ မြင်သမျှ ဗဟုသုတကိုလည်း ဘာမှအလွတ်မခံဘဲ မသိတာ၊ နားမလည်တာရှိလျှင် သိနားလည်သောသူများဆီ တရိုတသေချဉ်းကပ်ပြီး မေးမြန်းသည်။ ဆည်းပူးသည်။ မှတ်သားသည်။ ကွန်ဖြူးရှပ်သည် ၁၅ နှစ်သားအရွယ်ရောက်သောအခါ "တစ်နေ့မှာ ပညာရှိဖြစ်ရမယ်"ဟု ခိုင်မာသော ဆုံးဖြတ်ချက်ချခဲ့သည်။

ကွန်ဖြူးရှပ်သည် ကိုယ်တိုင်ဗဟုသုတရှာမှီးသလို တစ်ဖက်တွင်လည်း ကိုယ်သိသော အသိပညာဗဟုသုတများကို သူကဲ့သို့ သိလို၊ တတ်လိုသောသူများကို ဆရာစားမချန်ဘဲ တစ်ဆင့်ပြန်ပြီး ဖြန့်ဖြူးလေ့ရှိသည်။ ဤသို့နှင့် ကွန်ဖြူးရှပ်သည် တစ်ဖက်တွင် ပညာကို အလွန်လိုချင်သော ကျောင်းသားဖြစ်သလို တစ်ဖက်တွင်လည်း သူများတွေကို ပညာပြန်သင်ပေးသော ဆရာလည်းဖြစ်သည်။ နောက်ပိုင်းတွင် ကွန်ဖြူးရှပ်သည် သူကိုယ်တိုင်ကျောင်းတစ်ကျောင်း ထောင်ပြီး လူငယ်များကို အသိပညာ ဗဟုသုတ ရရှိအောင် သင်ကြားပေးခဲ့သည်။ သူ့ကျောင်းတွင် ရှေးဟောင်းဗဟုသုတနှင့် ယင်းဗဟုသုတအပေါ် အခြေခံပြီး ဆင့်ပွားရရှိသော အတွေးအခေါ်၊ အယူအဆများကို ဟောပြောသင်ကြားပို့ချသည်။

ကွန်ဖြူးရှပ်ဝါသနာအပါဆုံး ပညာနှစ်ရပ်မှာ သမိုင်းနှင့် ဂီတဖြစ်သည်။ သမိုင်းပညာရပ်ကို မည်မျှဝါသနာပါသလဲဆိုလျှင် နှံ့နှံ့စပ်စပ် ရှာဖွေလေ့လာသည်။

အသေးအဖွဲလေးများမှအစ မှတ်သားထားသည်။ ထို့ကြောင့် နန်းတော်ထဲတွင် ဘုရင်မေးသမျှ ဖြေဆိုနိုင်သူမှာ ကွန်ဖြူးရှပ်တစ်ယောက်သာရှိသည်။ ကွန်ဖြူးရှပ်သည် သမိုင်းနှင့်ပတ်သက်၍ မည်မျှနှံ့စပ်သလဲဆိုသည်ကို နမူနာတစ်ခုနှင့် ရှင်းပြလိုပါသည်။

တစ်ခါတုန်းက ဘုရင်ကြီး၏အမိန့်နှင့် မြို့ဟောင်းတစ်နေရာကို ရှင်းလင်းကြသည်။ ဤတွင် အုတ်ကျိုးအုတ်ပဲ့များအကြား၌ ရောမအရိုးစုကြီးများကို တွေ့ကြရသည်။ ၎င်းအရိုးစုကြီးများသည် လှည်းတစ်စီးတိုက်လောက်အောင်ရှိသည်။ ဤမျှကြီးသောအရိုးကို တစ်ခါမျှ မမြင်ဖူးကြတော့ ဘယ်လိုအကောင်မျိုး၏ အရိုးဆိုသည်ကိုလည်း မည်သူမျှ မပြောတတ်ကြချေ။ သို့နှင့် ကွန်ဖြူးရှပ်ကို ချဉ်းကပ်မေးတော့မှ အဖြေရတော့သည်။

ကွန်ဖြူးရှပ်က လွန်ခဲ့သော နှစ်သန်းပေါင်းများစွာတုန်းက ဤကမ္ဘာမြေကြီးပေါ်တွင် အလွန်ကြီးမားသော သတ္တဝါကြီးများရှိခဲ့ကြောင်း၊ ယင်းကမ္ဘာဦးသတ္တဝါများသည် သစ်ပင်ကြီးတွေလောက်မြင့်ပြီး အိမ်လုံးကြီးတွေလောက်ကြီးကြောင်း၊ သွားတဲ့လာတဲ့အခါမှာလည်း နေးကွေးလေးလံကြောင်း၊ သူတို့ထက် ဖျတ်လတ်သောသတ္တဝါများ၏ တိုက်ခိုက်မှုခံရတော့ ကြာလာသည့်အခါ မျိုးတုံးပြီး ကမ္ဘာမြေကြီးပေါ်မှ ပျောက်သွားကြောင်း၊ အဲဒီခေတ်တုန်းကဆိုရင် ကမ္ဘာမြေကြီးပေါ်မှာ လူတွေတောင် မရှိသေးကြောင်း၊ အခုတွေ့ရသော အရိုးစုကြီးများသည် အဲဒီကမ္ဘာဦးသတ္တဝါကြီးများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်ကြောင်း ရှင်းပြတော့မှ နားလည်သဘောပေါက်သွားကြသည်။ ကွန်ဖြူးရှပ်၏ တွေးခေါ်မှုမှန်ကန်ကြောင်း ယနေ့ခေတ်တွင် သိပ္ပံပညာရှင်များက လက်တွေ့ပြသခဲ့ပြီးဖြစ်သည်။

ကွန်ဖြူးရှပ်၏ သမိုင်းဗဟုသုတကြွယ်ဝပုံကို အောက်ပါအဖြစ်အပျက်တွင် ရှင်းလင်းစွာ သိမြင်နားလည်နိုင်သည်။ တစ်ခါတုန်းက ဘုရင်ကြီးသည် မှူးမတ်အစုံအလင်နှင့် နန်းရင်ပြင်ကိုထွက်လာရာ ကောင်းကင်ပေါ်မှ စွန်တစ်ကောင်ထိုးကျလာသည်။ စွန်၏ကိုယ်ပေါ်တွင် မြားတစ်စင်းက ထုတ်ချင်းပေါက်လျက်ရှိနေသည်။ ယင်းမြားကို မင်းချင်းတစ်ယောက်က ဆွဲနုတ်လိုက်တော့ အနားမှာရှိသော စစ်သူကြီးက အံ့အားသင့်သွားသည်။ အကြောင်းမူကား ယင်းမြားမျိုးကို စစ်သူကြီးက တစ်ခါမျှမမြင်ဖူးသောကြောင့်ဖြစ်သည်။ မြားက သုံးနေကျ တရုတ်မြားနှင့်မတူချေ။ သည်လိုဆိုလျှင် ဒီမြားက ဘယ်ကလာတာလဲ။ စဉ်းစားလို့မရအောင်ဖြစ်ကုန်ကြသည်။ သို့နှင့် ဘုရင်ကြီးထံ မြားကိုဆက်သပြီး စုံစမ်းကြည့်ကြသည်။ နောက်ဆုံးတော့ ယင်းမြားပြဿနာက ပညာရှိကွန်ဖြူးရှပ်ဆီသို့ ရောက်လာခဲ့သည်။ ကွန်ဖြူးရှပ်ကမူ မြားကိုမြင်သည်နှင့်သိနေသည်။ ယင်းမြားမျိုးသည် တရုတ်ပြည်နယ်စပ်က ရှုရှင်လူမျိုးများသုံးသောမြားများဖြစ်ကြောင်း ကွန်ဖြူးရှပ်က အကုန်ရှင်းပြလိုက်သည်။

ရှေးယခင်က တရုတ်ဘုရင်မင်းမြတ်သည် ယင်းရှုရှင်လူမျိုးများကို စစ်နိုင်ပြီး ပြည်တော်ပြန်လာသောအခါ ယင်းမြားမျိုး အများကြီးပါလာခဲ့သည်။ အများစုကတော့ နှစ်ပေါင်းကြာ၍ ပျက်စီးကုန်ပြီဖြစ်သည်။ သည်တော့ ဘုရင်ကြီးက နောင်လာနောက်သားများကြည့်ရအောင်ဆိုပြီး ဘုရင့်ဘဏ္ဍာတိုက်ထဲတွင် ထည့်သိမ်းထားခဲ့သည်။ ယင်းမြားများသည် ယခုအချိန်အထိ ဘုရင့်ဘဏ္ဍာတိုက်ထဲမှာရှိနေခဲ့သည်။ သေချာရှာကြည့်လျှင် တွေ့ကိုတွေ့ရမည်ဟု ကွန်ဖြူးရှပ်က အခိုင်အမာပြောဆိုခဲ့သည်။

သို့ဖြင့် ဘုရင်ကြီးလည်း ဘဏ္ဍာတော်တိုက်ကို ဖွင့်ပြီး သေသေချာချာရှာခိုင်းရာ ကွန်ဖြူးရှပ်ပြောသည့်အတိုင်း ချောင်တစ်ချောင်တွင် ကြိုးတစ်ချောင်းနှင့် စုစည်းထားသော ယင်းမြားမျိုးများကို တွေ့လိုက်ရသည်။

စင်စစ် ကွန်ဖြူးရှပ်သည် သမိုင်းပညာ ယခုလို နှံ့စပ်ခြင်းသည် မည်သည့်အရာမဆို သိချင်သောစိတ်၊ လေ့လာမှတ်သား စူးစမ်းချင်သောစိတ်ကြောင့် ဖြစ်သည်။ ထို့ကြောင့် သူ့အတွက် မသိဘူးဆိုသော ပြဿနာမရှိသလောက်ဖြစ်သည်။ ကွန်ဖြူးရှပ်သည် ဉာဏ်ပညာကြီးမားသော ပညာရှင်ဖြစ်သောကြောင့် တရုတ်ပြည်တွင်းမှာသာမက တစ်ကမ္ဘာလုံးကပါ သူ၏ဂုဏ်သတင်းကျော်ကြားမှုကို သိကြသည်။ ထို့ကြောင့် ခရစ်တော်မပေါ်မီ ဘီစီ ခြောက်ရာစုလောက်ကတည်းက ကွယ်လွန်ခဲ့သော ကွန်ဖြူးရှပ်ဟူသော ပညာရှိ၏အမည်သည် ယနေ့အထိ ရှင်သန်နေဆဲဖြစ်သည်။ ဤကမ္ဘာပေါ်တွင် ဘုန်းတန်ခိုးသြဇာကြီးမားလှသော စစ်ဘုရင်များ၊ စစ်သူကြီးများ များစွာပေါ်ပေါက်အုပ်ချုပ်ခဲ့ကြဖူးပါသည်။ သို့သော်လည်း အချိန်ကာလကြာမြင့်လာသောအခါ သူတို့အမည်များကို လူတွေမသိကြတော့ပါ။ သို့ရာတွင် ပညာရှိကွန်ဖြူးရှပ်၏ နာမည်ကို နှစ်ပေါင်းထောင်ချီကြာခဲ့သည့်တိုင် ယနေ့အထိ မမေ့မပျောက်ရှိနေသေးသည်က အထင်အရှားပင်ဖြစ်သည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဖြစ်ရပ်ဆန်းဟာသများ

မာတင်ဖဲ

မြစ်ထဲတွင် ရေကူးရန် ခရီးသည်တစ်ဦးက ဆုံးဖြတ်လိုက်သည်။ ရေကူးရန် စိတ်ချရပါ့ မလားဟု သူက လုပ်ရန် ဆန္ဒ ရှိ၏။ ထို့ကြောင့် သူဟာ အနီးအနားမှာရှိတဲ့ ကောင်လေးတစ်ယောက်ဆီ သွားပြီး မေးသည်။

"မြစ်ထဲမှာ မိကျောင်းတွေ ရှိသလားဗျ…"

"မရှိပါဘူးခင်ဗျ…" ကောင်လေးက အဖြေပေး၏။

"သေချာရဲ့လားကွာ" သံသယစိတ်ဖြင့် ထိုသူက မေးပြန် သည်။

"အတော့်ကို သေချာပါတယ်ဗျာ" ကောင်လေးက ဖြေ၏။

ကမ္ဘာလှည့်ခရီးသည်က မြစ်ထဲဆင်းသွားရင်းက ပြန်လှည့်ပြီး ကောင်လေးအား တတိယအကြိမ်အဖြစ် မေးလိုက်ပြန်သည်။

"မြစ်ထဲမှာ မိကျောင်းတွေ တကယ်မရှိဘူးဆိုတာ မင်းသေချာရဲ့လားကွာ…"

"ဟုတ်ကဲ့ခင်ဗျ… သူတို့ကို အသားစားငါးတွေက မောင်းထုတ်လိုက်ကိုးဗျ…"

ဖခင် = "အက္ခရာထဲမှာ စာလုံး ဘယ်လောက်ရှိသလဲ ကွ"

သား = "သားမသိဘူးခင်ဗျ"

အဖေ = "မင်းရဲ့အသက် ဆယ်နှစ်ရှိပြီ။ ဒါနဲ့များ အက္ခရာထဲမှာ စာလုံး ဘယ်လောက်ရှိတယ်ဆိုတာ သား မသိဘူးပေါ့ ဟုတ်လား…"

သား = "ကဲ… အဖေဟာ လေးဆယ့်ငါးနှစ် ရှိနေပြီ။ ဒါနဲ့တောင် စာတိုက်မှာ စာတွေ ဘယ်လောက် ရှိတယ်ဆိုတာ အဖေတောင် မသိဘူး မဟုတ်လား လို့…"



# ၂၀၂၄ ခုနှစ်သည် ရာသီဥတုဖောက်ပြန်မှုအများဆုံးကြုံတွေ့ရသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ပြောကြား

**ကုလသမဂ္ဂ ဒီဇင်ဘာ ၃၀**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၂၀၂၄ ခုနှစ်အတွင်း ရာသီဥတုဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည့်အတွက် ၂၀၂၄ ခုနှစ်ကို ရာသီဥတုဖောက်ပြန်မှု အများဆုံးကြုံတွေ့ရသည့် နှစ်ဖြစ်ကြောင်း ပြောကြားပြီး ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်ရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဂူတာရက်စ်သည် ဒီဇင်ဘာ ၃၀ ရက် နှစ်သစ်ကူး ဗီဒီယိုမက်ဆေ့ချ်တွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း စစ်ပွဲများနှင့် လူမှုရေး မညီမျှမှုများအကြား ကမ္ဘာ့ပြည်သူများသည် အသက်ရှင်နေထိုင်ရန် မျှော်လင့်ချက်ကို ကောင်းစွာမွေးမြူခဲ့ရကြောင်း ဂူတာရက်စ်က ပြောကြားသည်။

**ပြောကြား**

ထို့ပြင် ၂၀၂၄ ခုနှစ်သည် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း အပူချိန်အမြင့်မားဆုံး နှစ်ဖြစ်ကြောင်းနှင့် ရာသီဥတုဖောက်ပြန်မှုကို အချိန်နှင့်တစ်ပြေးညီ ကာကွယ်ရန် လိုအပ်ကြောင်း ဂူတာရက်စ်က မှတ်ချက်ပြု ပြောကြားသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကို သိသိသာသာ လျှော့ချခြင်းဖြင့် ကမ္ဘာကြီးအား ပိုမိုဘေးကင်းသော လမ်းကြောင်းပေါ်သို့ ရောက်ရှိရေး ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း ကမ္ဘာ့နိုင်ငံများအား ၎င်းက တိုက်တွန်းပြောကြားသည်။




၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက ပြောကြားပြီးနောက် ဂူတာရက်စ်၏ နှစ်သစ်ကူးသတင်းစကား ထွက်ပေါ်လာခြင်းဖြစ်သည်။

**စိုးရိမ်မှုများမြင့်တက်**

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်မှ နောက်တစ်ကြိမ် နုတ်ထွက်ရန် မျှော်လင့်ထားသည့်အတွက် ကမ္ဘာကြီး ပူနွေးမှုနှင့် ရာသီဥတုဖောက်ပြန်မှုများအပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## တရုတ်အစိုးရဌာနဆိုင်ရာလုပ်ငန်းများ၌ လျှပ်စစ်ကားများအသုံးပြုရေးအတွက် တွန်းအားပေးမည်

**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်နိုင်ငံသည် ၎င်း၏စိမ်းလန်းသော အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်လုပ်ဆောင်သည့်အနေဖြင့် အစိုးရဌာနဆိုင်ရာလုပ်ငန်းများအား လျှပ်စစ်ကားများ အသုံးပြုရေးအတွက် တွန်းအားပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ဘဏ္ဍာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အစိုးရအေဂျင်စီများအတွက် လျှပ်စစ်ကားဝယ်ယူမှုဆိုင်ရာ ညွှန်ကြားချက်အသစ်များကို ဒီဇင်ဘာ ၃၀ ရက်က အသေးစိတ်ထုတ်ပြန်ခဲ့သည်။ အဆိုပါယာဉ်များကို အစိုးရဌာနဆိုင်ရာအေဂျင်စီများတွင် ၁၀၀ ရာခိုင်နှုန်း ဝယ်ယူသုံးစွဲရန် ညွှန်ကြားခဲ့သည်။ မော်တော်ယာဉ်များကို ငှားရမ်းသည့်အခါ လျှပ်စစ်ကားများကို ဦးစားပေးငှားရမ်းရန် အစိုးရအေဂျင်စီများအား အဆိုပါညွှန်ကြားချက်တွင် ထပ်လောင်းညွှန်ကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရေးသည် ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်လာသည်နှင့်အမျှ လျှပ်စစ်ကားများသည် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာသည်။

ယခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ၌ လျှပ်စစ်ကားများသည် ဈေးကွက်ဝေစုအရ လောင်စာစွမ်းအင်သုံးကားများကို ပထမဆုံးအကြိမ် ကျော်လွန်ကာ နိုင်ငံတစ်ဝန်း လက်လီရောင်းချမှုတွင် အစီးရေ ၈၇၈၀၀၀ အထိရောက်ရှိခဲ့ပြီး ပြည်တွင်းဈေးကွက်၏ ၅၁ ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**




## ဆော်ဒီအာရေဗျနိုင်ငံက ယီမင်အစိုးရထံ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့ပေး

**ရီယာ့ဒ် ဒီဇင်ဘာ ၃၀**

ဆော်ဒီအာရေဗျနိုင်ငံသည် ယီမင်အစိုးရထံ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့ပေးခဲ့ကြောင်း ယီမင်ဝန်ကြီးချုပ် အာမက်အဒ်ဘင် မူဘာရက်က ယမန်နေ့တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ စဉ်ဆက်မပြတ် ရက်ရောစွာ ပံ့ပိုးကူညီမှုများအတွက် ဆော်ဒီအာရေဗျနိုင်ငံအား လေးလေးနက်နက် ကျေးဇူးတင်ကြောင်း ယီမင်ဝန်ကြီးချုပ် အာမက်အဒ်ဘင် မူဘာရက်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

ယီမင်ဗဟိုဘဏ်အတွက် အမေရိကန်ဒေါ်လာသန်း ၃၀၀ အပ်ငွေနှင့်အတူ အထွေထွေဘတ်ဂျက်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ရှိသော ထောက်ပံ့ကူညီမှု စတုတ္ထအသုတ်ကို ထောက်ပံ့ပေးခြင်းသည် ယီမင်ပြည်သူများနှင့် ဆော်ဒီအာရေဗျနိုင်ငံ၏ ခိုင်မြဲသောစည်းလုံးညီညွတ်မှုကို ပြသလိုက်ခြင်းဖြစ်သည်ဟု ဘင်မူဘာရက်က ပြောကြားသည်။

အဆိုပါထောက်ပံ့ငွေသည် ယီမင်အစိုးရအား နိုင်ငံ့ဝန်ထမ်းများ၏လစာများပေးရန်၊ နိုင်ငံသားများ၏ ဘဝနေထိုင်မှုမြှင့်တင်ရန်နှင့် သိသိသာသာ ကျဆင်းနေသော ယီမင်ငွေကြေးကို တည်ငြိမ်စေရန်နှင့် ဈေးကွက်နှင့် စီးပွားရေးတည်ငြိမ်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ယီမင်ဝန်ကြီးချုပ် မူဘာရက်က အလေးပေးပြောကြားသည်။

အဆိုပါ ရန်ပုံငွေသည် ယီမင်၏ရုန်းကန်နေရသော စီးပွားရေးကို အားကောင်းလာစေရန်အတွက် ယမန်နှစ်က ဆော်ဒီအာရေဗျက ကတိပြုခဲ့သော အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ထောက်ပံ့ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယခင်နှစ် ဖေဖော်ဝါရီလနှင့် ဩဂုတ်လတွင်လည်း အမေရိကန်ဒေါ်လာသန်း ၂၅၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပံ့ပိုးကူညီ**

ယီမင်အစိုးရကို ဟူသီသူပုန်များက တိုက်ခိုက်နေသဖြင့် ယီမင်နိုင်ငံသည် ၂၀၁၄ ခုနှစ် နှောင်းပိုင်းမှစတင်၍ ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားလျက်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့သည် ပြည်တွင်းပဋိပက္ခအတွင်း ယီမင်အစိုးရအား ပံ့ပိုးကူညီပေးခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အီရန်နိုင်ငံ၌ ရေဆိုးသန့်စင်စက်ရုံတစ်ခု တည်ဆောက်

**တီဟီရန် ဒီဇင်ဘာ ၃၀**

အီရန်နိုင်ငံ မြောက်ခိုရာဆန်ပြည်နယ် အရှေ့မြောက်ပိုင်းရှိ အီရန်ရေနံဓာတုဗေဒကုမ္ပဏီတစ်ခုသည် မြို့တွင်းရှိ မိလ္လာများကို အနီးနားမြစ်ထဲသို့ စိမ့်ဝင်မှုမှ ကာကွယ်ရန်နှင့် လိုအပ်သည့်ရေပမာဏအားလုံးကို ဖြည့်ဆည်းပေးရန်အတွက် အဆောက်အအုံအတွင်း ရေဆိုးသန့်စင်စက်ရုံတစ်ခု တည်ဆောက်ခဲ့ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

မြောက်ခိုရာဆန်ပြည်နယ် မြို့တော်ဘွန်ဂျက်၌ ရေဆိုးသန့်စင်စက်ရုံကို အမျိုးသားစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ရေဆိုးသန့်စင်စက်ရုံ ဖွင့်ပွဲအခမ်းအနား၌ အီရန်ရေနံဓာတုဗေဒကုမ္ပဏီ (Khorasan Petrochemical Company) မန်နေဂျင်းဒါရိုက်တာ ယိုဆက်ဖ်ဟာဆာနီက ပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အီရန်သမ္မတ မာဆော့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သဘာဝပတ်ဝန်းကျင် ကာကွယ်ရန်**

အမေရိကန်ဒေါ်လာ ၁၅ သန်း ကုန်ကျခံတည်ဆောက်ခဲ့သည့် အဆိုပါရေဆိုးသန့်စင်စက်ရုံသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် နိုင်ငံသားများ၏ ကျန်းမာရေးကို မြှင့်တင်ရန်အတွက် မြို့တော်၏ မိလ္လာများကို Atrak မြစ်အတွင်းသို့ ဝင်ရောက်ခြင်းမှ တားဆီးပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ရေသန့်စင်စက်ရုံသည် ၁၁ ကီလိုမီတာ အရှည်ရှိသည့် ပိုက်လိုင်းမှတစ်ဆင့် လိုအပ်သည့် ရေကုဗမီတာ ၅ ဒသမ ၅ သန်းကို ထောက်ပံ့ပေးပြီး စက်ရုံမှ စွန့်ပစ်သည့် စွန့်ပစ်ပစ္စည်းများကိုလည်း သန့်စင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အစ္စရေးနိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ပါလက်စတိုင်း အကျဉ်းသားလေးဦး ထပ်မံသေဆုံး

**ဂါဇာစီးတီး ဒီဇင်ဘာ ၃၀**

အစ္စရေးနိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ပါလက်စတိုင်း အကျဉ်းသား လေးဦး ထပ်မံသေဆုံးခဲ့ကြောင်း ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (PLO) အကျဉ်းသားများရေးရာကော်မရှင်နှင့် အကျဉ်းသားများအသင်းတို့က ယနေ့ပြောကြားသည်။

အဆိုပါသေဆုံးခဲ့သည့် အကျဉ်းသားလေးဦးမှာ မိုဟာမက်အယ်လ်အာကာ အသက် ၄၄ နှစ်၊ ဆာမာအယ်လ်ခါလေ့ အသက် ၅၂ နှစ်၊ ဇူဟယ်အယ်လ်ရှာရစ်ဖ် အသက် ၅၈ နှစ်နှင့် မိုဟာမက်လာဘတ် အသက် ၅၇ နှစ်တို့ဖြစ်ကြောင်း အဖွဲ့အစည်းနှစ်ခုမှ ထုတ်ပြန်သည့် ပူးတွဲသတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစပြီး လက်ရှိအချိန်အထိ အစ္စရေးအကျဉ်းထောင်များတွင် ပါလက်စတိုင်းသေဆုံးသူပေါင်း ၅၄ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

အစ္စရေးအကျဉ်းထောင်အုပ်ချုပ်ရေးသည် အကျဉ်းသားများကို စနစ်တကျနှင့် လူသိရှင်ကြား ဖယ်ရှားရှင်းထုတ်ရန် လုပ်ဆောင်နေကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ပါလက်စတိုင်းအကျဉ်းသားများ သေဆုံးမှုအတွက် အစ္စရေးအကျဉ်းထောင်အာဏာပိုင်များအနေဖြင့် အပြည့်အဝတာဝန်ရှိပြီး စစ်ပွဲ၏ ရာဇဝတ်မှုများအတွက် အစ္စရေးခေါင်းဆောင်များအား တာဝန်ခံရန် တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါ ပါလက်စတိုင်းအကျဉ်းသားလေးဦး သေဆုံးမှုနှင့်ပတ်သက်ပြီး အစ္စရေးအကျဉ်းထောင်အာဏာပိုင်များက ချက်ချင်းမှတ်ချက်ပေးခြင်းမရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အင်ဒိုနီးရှားနိုင်ငံတွင် ထူးခြားရာသီဥတုဖြစ်စဉ်များ ဖြစ်ပွားခဲ့သော်လည်း ဆန်စပါးစိုက်ပျိုးမှုအောင်မြင်ခဲ့

**ဂျကာတာ ဒီဇင်ဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံတွင် အယ်လ်နီညိုနှင့် လာနီညာ ရာသီဥတုဖြစ်စဉ်များ ဖြစ်ပွားခဲ့သော်လည်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး အန်ဒီ အန်ရန် ဆူလိုင်မန်က ယနေ့ပြောကြားသည်။

နှစ်ကုန်ကာလအထိ ဆန်စပါးတန်ချိန် ၃၁ သန်းနီးပါးကို စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ နိုင်ငံအတွင်းရှိ ဆန်စပါးအဓိကစိုက်ပျိုးရာ ဒေသများတွင် မိုးခေါင်ရေရှားခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပွားခဲ့သည်။

လူဦးရေ သန်း ၂၈၀ ကျော်ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် ဆန်စပါးသည် နိုင်ငံသားများအတွက် အဓိကစားရေရိက္ခာဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများသို့ ကန်ဒေါ်လာ ၈ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များတင်ပို့



ဖနောင်ပင် ဒီဇင်ဘာ ၃၀

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ဆယ့်တစ်လအတွင်း ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများသို့ ကန်ဒေါ်လာ ၈ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များကို တင်ပို့ခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ကုန်သွယ်မှုလုပ်ငန်းတွင် အမြတ်ငွေ ၁၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်သည့်မှတ်တမ်းအရ သိရသည်။

**ထပ်မံမြင့်တက်လာ**

ကမ္ဘောဒီးယားနိုင်ငံမှ တန်ဖိုး ကန်ဒေါ်လာ ၂၄ ဒသမ ၃၄ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များသည် ဇန်နဝါရီမှ နိုဝင်ဘာလအတွင်း ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ ဈေးကွက်သို့ရောက်ရှိခဲ့ကြောင်း ၎င်းမှတ်တမ်းတွင် ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့သည့်နိုင်ငံများမှာ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ ထိုင်းနှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်သည်။ ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်ပြီး ၎င်းတို့နှင့် ကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတေးလျနှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်သည်။ ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပ ပို့ကုန်မြှင့်တင်ရေးအတွက် ရေရှည်တွင် အကူအညီပေးနေပြီး နိုင်ငံအတွင်းသို့ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ စီးဆင်းရန် အခွင့်အရေးများ ပေးအပ်နေကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။ ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အရ ပို့ကုန်သွင်းကုန်များအပေါ်တွင် အခွန်အကောက်များ လျှော့ချပေးခြင်းဖြင့် လာမည့်နှစ်များအတွင်း ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့သည့် ကမ္ဘောဒီးယား နိုင်ငံ၏ ပို့ကုန်များ ထပ်မံမြင့်တက်လာမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အပါအဝင် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများ၏အကူအညီဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၅၀ ပြည့်နှစ်တွင် ဝင်ငွေမြင့်မားသည့်နိုင်ငံ ဖြစ်လာရမည်ဟူသည့် ရည်မှန်းချက်အောင်မြင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဟိုတယ်တစ်ခုတွင် မီးလောင်မှုဖြစ်ပွား

ဗန်ကောက် ဒီဇင်ဘာ ၃၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဟိုတယ်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ နိုင်ငံခြားသားသုံးဦး သေဆုံးကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

ယင်းဟိုတယ်မီးလောင်မှုသည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူ ခုနစ်ဦးအနက် နှစ်ဦးမှာ ထိုင်းနိုင်ငံသားများဖြစ်ကာ ကျန်ငါးဦးမှာ နိုင်ငံခြားသားများဖြစ်သည်။ ယခုမီးလောင်မှုဖြစ်ပွားသည့် ဟိုတယ်သည် နိုင်ငံခြားသားများ အများဆုံးလာရောက်သည့် ခေါက်ဆန်လမ်းအနီးတွင် တည်ရှိသည်။

အထပ်ခြောက်ထပ်ရှိ ဟိုတယ်၏ ခေါင်မိုးမှ မီးခိုးများထွက်လာကြောင်း မှတ်တမ်းများအရ သိရသည်။ ထိုမီးလောင်မှုကို အချိန်တစ်နာရီအတွင်း ငြိမ်းသတ်နိုင်ခဲ့ပြီး ဖြစ်စဉ်အတွင်း နိုင်ငံခြားသားခရီးသည် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ မီးလောင်မှု ဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံမြို့တော်ပေကျင်း၏ သစ်တောရေိယာကို ၄၅ ရာခိုင်နှုန်းအထိ ချဲ့ထွင်ရေး ဆောင်ရွက်မည်

ပေကျင်း ဒီဇင်ဘာ ၃၀

၂၀၂၅ ခုနှစ်အရောက်တွင် တရုတ်နိုင်ငံ မြို့တော် ပေကျင်း၏ သစ်တောရေိယာကို ၄၅ ရာခိုင်နှုန်းအထိ ချဲ့ထွင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပေကျင်း သစ်တောနှင့်ဥယျာဉ်များဆိုင်ရာ ဗျူရိုက ယနေ့ပြောကြားသည်။

ပေကျင်းတွင် ဥယျာဉ်ပေါင်း ဟက်တာ ၂၀၀ နှင့် စိမ်းလမ်းစိုပြည်သည့် အစိမ်းရောင်လမ်း အရှည် ကီလိုမီတာ ၁၀၀၀ကိုလည်း တိုးချဲ့တည်ဆောက်မည်ဟု ၎င်းဗျူရိုမှ တာဝန်ရှိသူ လင်ဂျင်ဝမ်က ပြောကြားသည်။ လက်ရှိအချိန်တွင် ပေကျင်း၌ ဥယျာဉ် ၁၀၆၅ ခုရှိပြီး ကမ္ဘာ့အဆင့်မီ ဥယျာဉ်မြို့တော် ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# မီးလောင်ပေါက်ကွဲခဲ့သည့် တောင်ကိုရီးယား Jeju Air လေကြောင်းလိုင်း လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများ ပြန်လည်သိမ်းဆည်းရရှိ

ဆိုးလ် ဒီဇင်ဘာ ၃၀



တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း မူအမ်းလေဆိပ်တွင် မီးလောင်ပေါက်ကွဲခဲ့သည့် တောင်ကိုရီးယား Jeju Air လေကြောင်းလိုင်းမှ လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင် ကိရိယာနှစ်ခုကို ပြန်လည်သိမ်းဆည်းရရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

လေယာဉ်ပေါ်တွင် တောင်ကိုရီးယားနိုင်ငံသား ၁၇၃ ဦး၊ ထိုင်းနိုင်ငံသားနှစ်ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါလာသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ထွက်ခွာလာသည့် ၎င်းလေယာဉ်သည် တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း မူအမ်းလေဆိပ်၌ ဆင်းသက်ရန်ကြိုးစားစဉ်တွင် လမ်းချော်၍ လေယာဉ်ကွင်းခြံစည်းရိုးနှင့် တိုက်မိပြီး ကိုယ်ထည် နှစ်ခြမ်းကွဲကာ မီးလောင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်တွင် ခရီးသည် ၁၇၉ ဦး သေဆုံးပြီး လေယာဉ်အမှုထမ်း နှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လေယာဉ်ဆင်းသက်ရေး ကြိုးပမ်းချိန်တွင် ငှက်အုပ်နှင့် တိုက်မိသည်ဟု ယူဆရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပထမအကြိမ် ဆင်းသက်ရန် ကြိုးပမ်းချိန်တွင် ဘီးချမရသည့်အတွက် လေယာဉ်ကိုယ်ထည်နှင့် ရပ်ပြီး ဆင်းသက်ခဲ့သော်လည်း လေယာဉ်ကွင်း ခြံစည်းရိုးနှင့် တိုက်မိပြီး မီးလောင်ခဲ့သည်။ လေထုထဲ၌ လေယာဉ်ရှိနေစဉ် ကတည်းကပင် ညာဘက်တောင်ပံ မီးလောင်နေသည်ကို တွေ့ရှိရကြောင်း မှတ်တမ်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# အင်ဒိုနီးရှားနိုင်ငံရှိ ရေနံတွင်းဟောင်းများမှ ရေနံပြန်လည်ထုတ်ယူနိုင်ရန် ဆောင်ရွက်မည်

ဂျကာတာ ဒီဇင်ဘာ ၃၀

အင်ဒိုနီးရှားနိုင်ငံတွင် ပြည်ပမှ လောင်စာဆီတင်သွင်းနေရမှုကို လျှော့ချရန်အတွက် နိုင်ငံအတွင်းရှိ ရေနံတွင်းဟောင်းများမှ ရေနံပြန်လည်ထုတ်ယူနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဆိုင်ရာ ဝန်ကြီး ဗာဟေးလာဟာဒါလီယာက ယမန်နေ့တွင်ပြောကြားသည်။ နိုင်ငံအတွင်း ရေနံတွင်း ၁၆၉၉၀ ရှိသည့်အနက် ၄၄၉၅ တွင်းတွင် ရေနံထုတ်ယူနိုင်သည့် အလားအလာများ တွေ့ရှိရပြီး ၄၉၉၃ တွင်းတွင် လုံးဝထုတ်ယူနိုင်ခြင်းမရှိကြောင်း သိရသည်။

နည်းပညာပံ့ပိုးပေးမည်ဆိုပါက ရေနံတွင်းဟောင်းများမှ တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၅ သန်းကျော်ထုတ်လုပ်နိုင်မည်ဟု ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် ၁၉၉၇ ခုနှစ်က တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၅ သန်း ထုတ်လုပ်နိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရေနံတင်သွင်းရန် တစ်နှစ်လျှင် ရူပီးယား ၅၀၀ ထရီလီယံကို အစိုးရက ခွင့်ပြုထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

○ MNL မှ

ရတနာပုံအသင်းတို့က ၁၉ မှတ်စီ၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက သုံးမှတ် ရရှိထားသည်။

ရမှတ်အနေအထားအရ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေအကောင်းဆုံးဖြစ်နေပြီး ရန်ကုန်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က ဖိအားပေးလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ထပ်မံဗိုလ်စွဲပါက စံချိန်သစ်များစွာတင်ရှိမည်ဖြစ်သောကြောင့် အကောင်းဆုံးကြိုးပမ်းလျက်ရှိပြီး ၂၀၂၀ ရာသီကတည်းက တင်ရှိထားသည့် ရှုံးပွဲမရှိစံချိန်မှာလည်း ပွဲ ၇၀ အထိရှိလာပြီဖြစ်သောကြောင့် ယင်းစံချိန်ကို ဆက်ထိန်းထားနိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် ဇယားထိပ်ပိုင်းမှ ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်တို့နှင့် ထိပ်တိုက်တွေ့ဆုံမည့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-သော်ကြီး

# ကျောက်ဆည်မြို့နယ်၌ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများအကြောင်း အသိပညာပေးဟောပြောပွဲနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ကျောက်ဆည် ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ပြည်သူများ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အသိပညာဗဟုသုတများ ကြွယ်ဝစေရေး ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အနောက်သာဂရကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ကျောက်ဆည်မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးမင်းထွန်းက စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိပါက ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရရှိစေခြင်း၊ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ ကုစားခွင့်ရှိခြင်း၊ အသိပညာဗဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သော အချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊ ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စဥ့်ကိုင်မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးလွင်က စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ရောင်းချခြင်းနှင့် ဝန်ဆောင်မှု အာမခံချက်/သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ ဝယ်ယူစားသုံးသူအားခွဲခြားမှု မရှိဘဲ ဖြောင့်မတ်မှန်ကန်စွာဆက်ဆံခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်များအပေါ်အခြေခံ၍ အာမခံချက်ပေးခြင်းများအကြောင်း အသိပညာပေး ဟောပြောသည်။

အသိပညာပေးဟောပြောပွဲအပြီးတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ရာ ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ကျောက်ဆည်မြို့နယ်တာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အချိန်ပိုသွင်းဂိုးဖြင့် လက်ရှိချန်ပီယံ ထိုင်းအသင်း ASEAN Cup ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၃၀

၂၀၂၄ ASEAN Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဥ်ဖြစ်သည့် ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့၏ ဒုတိယအကျော့ကို ဒီဇင်ဘာ ၃၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ကျင်းပရာ ထိုင်းအသင်းက နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ထိုင်းအသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ထားပြီး ယခု ဒုတိယအကျော့အိမ်ကွင်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ရသဖြင့် နှစ်ကျော့ပေါင်း သုံးဂိုးစီသရေကျပြီး အချိန်ပိုဆက်လက် ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုတွင် တိုက်စစ်မှူး ဆူဖာနတ်၏ ခေါင်းတိုက်ဂိုးကြောင့် ထိုင်းအသင်း ဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုင်းအသင်းသည် ဗိုလ်လုပွဲသို့ (၁၁) ကြိမ်မြောက်နှင့် နောက်ဆုံးသုံးကြိမ်ဆက်တိုက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။



ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ထိုင်းအသင်းသည် ပထမအကျော့ အရှုံးကြောင့် ယခုပွဲကို မဖြစ်မနေအနိုင်ရရန် အားထည့်ကစားခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၃၇ မိနစ်တွင် ချာရတ်ဆာမီးနှင့် ၅၄ မိနစ်တွင် ဂတ်စတာဆင်တို့က ဂိုးများသွင်းယူခဲ့သဖြင့် ထိုင်းအသင်း နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ဒုတိယဂိုးရပြီး နောက်ပိုင်းတွင် ထိုင်းအသင်းက ပွဲကိုထိန်းကစားခဲ့ရာ ဖိလစ်ပိုင်အသင်း တစ်ကျော့ပြန် ဖိကစားလာနိုင်ပြီး ၈၄ မိနစ်တွင် ခရစ္စတန်ဆန်က ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ အချိန်ပိုတွင် ထိုင်းအသင်းက ခြေပိုသာခဲ့ပြီး အနိုင်ဂိုးကို ၁၁၇ မိနစ်တွင် ဆူဖာနတ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း တွေ့ဆုံမည်ဖြစ်ပြီး ပထမအကျော့ကို ဇန်နဝါရီ ၂ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-FAT

# မင်းဘူး(စကု)မြို့နယ်၌ ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧက အကောင်အထည်ဖော် စိုက်ပျိုးထားရှိ

မင်းဘူး ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်း ၄၅ဧကကိုဒေသခံအကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံအကျိုးဆောင်တောင်သူများနှင့်ပူးပေါင်းပြီး ဒေသခံတောင်သူ ၁၃ ဦးဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီအတွက် ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်းအဖြစ် ဆင်းရွှေကြာ-၂ ဧက ၃၀ နှင့် ရေဆင်းစပ်မျိုး-၁ ၁၅ ဧက စုစုပေါင်း ၄၅ ဧကကို အကောင်အထည်ဖော် စိုက်ပျိုးထားကြောင်း၊ ဆောင်းနေကြာသီးနှံ မျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်သည့် အကျိုးဆောင်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးသွင်းအားစုအနေဖြင့် ဆင်းရွှေကြာ-၂ မျိုးစေ့တစ်ဧကလျှင် 3 Kg နှုန်း၊ ရေဆင်းစပ်မျိုး-၁ မျိုးစေ့တစ်ဧကလျှင် အဖို 1 Kg နှင့် အမ 3 Kg နှုန်း ပံ့ပိုးပေးထားသည့်အပြင် ယူရီးယားဓာတ်မြေဩဇာ တစ်ဧကလျှင် Kg 50 တစ်အိတ်နှုန်းကို ဌာနက သတ်မှတ်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးထားကြောင်း၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်ရရှိရေး နေကြာမျိုးစေ့ချချိန်မှ ရင့်မှည့်ချိန်အထိ တောင်သူပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးလင်းက ပြောသည်။

ဒေသခံတောင်သူအများစုသည် ဆောင်းနေကြာသီးနှံကို ကြောင်းဆွဲစနစ်နှင့် ပက်ကြဲစနစ် သီးသန့်၊ သီးထပ်၊ သီးညှပ် ပုံစံမျိုးစုံဖြင့် စိုက်ပျိုးလေ့ရှိကြောင်း၊ ကြောင်းဆွဲစိုက်ပျိုးနည်းသည် မျိုးစေ့အကျမှန်ကာ စိုက်ပျိုးနည်းစနစ်မှန်ကန်သည့်အတွက် အထွက်နှုန်းပိုမိုကောင်းမွန်ကြောင်း၊ ယခုလက်ရှိ နေကြာမျိုးသန့်ပွားစိုက်ခင်းအား အဖိုတစ်တန်း၊ အမလေးတန်းနှုန်းဖြင့် ကြောင်းဆွဲ စိုက်ပျိုးထားပြီး မြေခံမြေဩဇာသုံးစွဲ၍ ပေါင်းမြက်နှိမ်နင်းကာ သားခွဲခြင်းနှင့် သဘာဝရွက်ဖျန်းအားတိုးဆေးများ ပက်ဖျန်းထားကြောင်း၊ နေကြာသီးနှံကို စနစ်တကျ စိုက်ပျိုးနိုင်ပါက အထွက်နှုန်း တိုးတက်ကောင်းမွန်ပြီး နေကြာမျိုးကောင်း မျိုးသန့်များအား မျိုးသန့်ပွားပြန်လည်ရောင်းချချိန်၌ ဈေးကောင်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးပြီး (ပန်းပွင့်စ) ဝတ်မှုန်ကူးချိန်မှ ပန်းပွင့်ပြီးဆုံးချိန်အထိ ပျားအုံပုံးများကို နေရာအနှံ့လာရောက်ချထားပေးခြင်းသည် နေကြာစိုက်ခင်းများအပြင် အခြားသီးနှံများအတွက် များစွာအထောက်အကူပြုကြောင်း ရေမြက်ကျေးရွာမှ ဒေသခံတောင်သူ ဦးအောင်ဆန်းဝင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အဆိုပါ နေကြာမျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧက အပါအဝင် ဆောင်းနေကြာသီးနှံကို မျိုး၊ မြေ၊ ရေ၊ စိုက်နည်းတို့ကို အခြေခံ၍ သီးသန့်၊ သီးထပ်၊ သီးညှပ် စိုက်ခင်းများအဖြစ် ဧကပေါင်း ၂၉၇၈၈ ဧကအထိ တိုးချဲ့စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မောင်မောင်(မင်းဘူး)



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/၃)၊ မြေကွက်အမှတ်(၄၅၈)၊ သုမနလမ်း၊ တိုက်အမှတ်(၄၅၈)ဟုခေါ်တွင်သော ဒေါ်သောင်းစိန် [၁၂/သဃက(နိုင်)၀၂၃၀၉၅] အမည်ပေါက် ဂရန်မြေအကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ½ )ထပ်တိုက်အဆောက်အဦမှ (၈)လွှာယာခန်း(ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၉ပေx ၅၄ပေ)ရှိသော လူနေတိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းအတွင်းရှိ လူနေအိပ်ခန်း(၁)ခန်း၊ လျှပ်စစ်မီတာ(၁)လုံး၊ ရေမော်တာ (၁)လုံးနှင့် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ရည်ဝင်းမော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(GP) ရရှိသူ ဦးဝင်းမော်[၁၂/မရက(နိုင်)၀၁၄၈၂၈]ထံမှ ဦးကျော်ကျော်ထွန်း[၁၂/ကမတ(နိုင်)၀၅၆၂၇၀]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်သဇင်စိုး(LL.B) (D.B.L) (D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၄၆၀၀၈၉၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ်(၁)၊ အမှတ်(၅/က)ဟုခေါ်တွင်သော အလျား၂၃ ½ ပေ x အနံ ၄၃ ပေ အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်ကို တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဟု အဆိုပြုသူ ဦးမြတ်သူထိုက်[၁၄/ပသန(နိုင်)၂၀၉၄၁၅]၊ ဒေါ်နှင်းနှင်းထွေး [၁၄/ရကန(နိုင်)၁၇၁၀၇၄] တို့ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိသန္တာဝင်းမောင် (LL.B(Q),LL.M)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၁၇၀၆(၁၅–၁၂–၂၀၁၆)**
**အမှတ်(က/၂၂)၊ ခိုင်ရွှေဝါလမ်းသွယ်၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**Ph: 09-795282398, 09-254036672**

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း [၁၂/လသန(နိုင်)၀၀၈၅၀၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကွယ်လွန်သူ (ဦးဘိုးကံ )၊ ဒေါ်မြင့်မြင့်သန်းနှင့်ဒေါ်ရီရီလင်း [၁၂/လသန(နိုင်)၀၀၂၃၆၆]၊ ဒေါ်သီတာလင်း [၁၂/ လသန(နိုင်)၀၁၆၅၇၀]တို့ချုပ်ဆိုခဲ့ကြသော (၁၈–၆–၂၀၂၂)ရက်စွဲပါ " **မိသားစုအမွေစီမံခန့်ခွဲမှုကတိစာချုပ်** "နှင့် (၂၈–၁၂–၂၀၂၄)ရက်စွဲပါ " **တိုက်ခန်းလွှဲပြောင်းပေးအပ်ခြင်းကတိစာချုပ်** " တို့အရ အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်ကြသည့် –

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂)ရပ်ကွက်၊ (၂၆)လမ်း၊ အမှတ်(၁၄၁)မြေညီထပ်အခန်းနှင့် ၎င်းအခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ် (၃၂) ၊ ပထမထပ် (ညာဘက်ခြမ်း)အခန်းနှင့် ၎င်းအခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂)ရပ်ကွက်၊ (၂၆)လမ်း၊ အမှတ်(၁၄၁)၊ ပထမထပ် (ဘယ်ဘက်ခြမ်း)အခန်းနှင့် ၎င်းအခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂)ရပ်ကွက်၊ (၂၆)လမ်း၊ အမှတ်(၁၄၄)၊ ပထမထပ် (ဘယ်ဘက်ခြမ်း)အခန်းနှင့် ၎င်းအခန်းနှင့်ပတ်သက်သောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို သမီးကြီးဖြစ်သူ ဒေါ်ရီရီလင်းအား အပြီးအပိုင်လွှဲပြောင်း ပေးအပ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**

**ဒေါ်နီနီဝင်း(LL.B)** (စဉ်–၅၁၇၁၈) | **ဒေါ်နှင်းဝေလွင်(LL.B)** (စဉ်–၅၄၃၀၅)

**အထက်တန်းရှေ့နေများ**
**အမှတ်–၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆက်သွားတောကျေးရွာ၊ အရှေ့ပိုင်းမြိုင်သာယာစံပြရပ်ကွက်၊ C–4လမ်း၊ အမှတ်(၅၁၈–A)၊ ဦးပိုင်အမှတ်–၃၄/၁၊ အလျား(၄၀)ပေ x အနံ (၆၀)ပေရှိ မြေကွက်အမှတ်A–5 အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ၁။ဦးလွင်ဇော်လတ်[၁၂/လသယ(နိုင်)၀၂၅၁၃၉]၊ ၂။ဒေါ်မိုးမိုးနွယ်[၇/ဖမန(နိုင်)၁၈၇၆၉၂]တို့ထံမှ (၂၂–၁၀–၂၀၂၄)ရက်နေ့က ကျွန်ုပ်မိတ်ဆွေ ဒေါ်ချိုသက်ဝေ [၁၂/မဘန(နိုင်)၁၀၈၀၈၉]က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက နေထိုင်ရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်သူဇာမော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၄၅)**
**အမှတ်(၂၆၀)၊ (၃)ရပ်ကွက်၊ မြောင်းတကာကျေးရွာ၊ မှော်ဘီမြို့နယ်။**
**ဖုန်း–၀၉–၄၂၀၈၁၉၆၃၁၊ ၀၉–၇၇၅၃၃၄၆၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ (၄၃)လမ်း၊ တိုက်အမှတ်(၃၈) မြေပေါ်ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ (၇)လွှာ(A+B)၊ အကျယ်အဝန်း (အလျား၂၁ ပေ x အနံ ၄၇ ပေ) ကိုယ်ပိုင်ရေမီးပါဝင်သည့် တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ပြီးစီးခဲ့သည့် (ဂန္ဓမာဆောက်လုပ်ရေး) ကန်ထရိုက်တာများဖြစ်ကြသော ဦးဘခင်နှင့် ဦးခင်မောင်သန်းတို့ထံမှ စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဒေါ်ဌေးဌေး[၁၂/ဗတထ(ပြု)၀၀၀၃၀၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသူ ဦးမောင်ဖြိုးလှ(ခ)KISNO[၁၁/စတန(ပြု)၀၀၀၈၅၄]နှင့် ဒေါ်ခင်ခင်ဝင်း[၁၁/စတန(ပြု)၀၀၁၀၉၁]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်ဖြိုးလှ(ခ)KISNO နှင့် ဒေါ်ခင်ခင်ဝင်းတို့၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးမြသီတာ LL.B** (စဉ်–၁၁၉၀၁) | **ဒေါ်အေးသန္တာမင်းအောင် LL.B, D.B.L** (စဉ်–၁၁၉၀၄)

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421140329, 09-421072494**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၇)ဟု ခေါ်တွင်သော (၁)ခန်းတည်း (၈)ထပ်တိုက်အနက်မှ(၃–လွှာ)၊ (ဒုတိယထပ်)၊ အကျယ်အဝန်း(၁၉x၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးခိုင်[၁၂/လမတ(နိုင်)၀၀၀၀၂၄]မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာမြင့်[၁၂/မဂတ(နိုင်)၀၀၉၆၈၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**

**ဒေါ်နီနီဝင်း(LL.B)** (စဉ်–၅၁၇၁၈) | **ဒေါ်နှင်းဝေလွင်(LL.B)** (စဉ်–၅၄၃၀၅)

**အထက်တန်းရှေ့နေများ**
**အမှတ်–၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၀၆၄၉၅၉**

**သစ်တောနဲ့**
**သစ်ပင်**
**ချစ်ခင်တဲ့**
**လူမျိုး**
**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**

## PHI Rice Solution Mobile App နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

PHI RICE SOLUTION

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၃) ရပ်ကွက်၊ သင်းဝင်လမ်း၊ ရွှေကြာယံအိမ်ရာ၊ အမှတ် (၆၁) နေ ဦးပြည့်ဖြိုးသင်း (၅/ရဘန (နိုင်) ၁၄၈၀၂၇) သည် အထက်ပါအမှတ်တံဆိပ် နှင့်အတူ PHI Rice Solution Mobile App ကို ၎င်း၏ PHI Co.,Ltd ၏ မူပိုင်တီထွင်မှုအဖြစ် ကိုယ်ပိုင်ဖန်တီးထားပါသည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင်ခြင်း (Trademark Registration)၊ တီထွင်မှု မူပိုင်ခွင့်မှတ်ပုံတင်ခြင်း (Patent Registration) တို့ သက်ဆိုင်ရာ မူပိုင်ခွင့်ဌာန (IPD) ၌ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းများကို တရားဝင် ဆောင်ရွက်မည်ဖြစ်ပါ၍ (၁၄) ရက်အတွင်း ကန့်ကွက်ရန် နှင့် ယင်းနေ့ကျော်လွန်ပါက ဦးပြည့်ဖြိုးသင်း (PHI Co.,Ltd) ၏ တစ်ဦးတည်းမူပိုင်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဥပဒေဆိုင်ရာလွှဲအပ်ချက်အရ
**ဦးအောင်စိုး**
B.A, R.L, D.B.L, D.M.L, D.I.L
Diploma in International Business Organization (UK)
Diploma in International Intellectual Property Law (UK)
Councillor of ASEAN Intellectual Property Association
နိုတြီပဗ္ဗလစ် နှင့် တရားလွှတ်တော်ရှေ့နေ (စဉ်– ၂၁၈၂/၈၂)
အမှတ် (၅၂၇)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၅၃၈၉၀၇၉၂၊ ၀၉–၄၂၁၀၂၃၃၅

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃–ရပ်ကွက်၊ ဒေဝဒဟ(၁၁)လမ်း၊ အမှတ်(၈၈၄)၊ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃လွှာ/ခြေရင်းခြမ်း)၊ အကျယ်အဝန်း(အလျား ၁၉ပေ x အနံ ၅၄ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ကန်ထရိုက်တာဦးရဲထွဋ်မှ (၁)ဦးအောင်မွန်သိုက် (၂) ဒေါ်သက်မာဝင်းကိုလည်းကောင်း၊ (၁) ဦးအောင်မွန်သိုက် (၂) ဒေါ်သက်မာဝင်း မှဒေါ်စုစုလှိုင်ကိုလည်းကောင်း၊ ဒေါ်စုစုလှိုင်မှ ဒေါ်စုနန္ဒာထွန်းကိုလည်းကောင်း၊ ဒေါ်စုနန္ဒာထွန်းမှ ဒေါ်ဆက်မွန်အိကိုလည်းကောင်း အဆက်စပ်စာချုပ်များဖြင့် ရောင်းချခဲ့ရာ ယခု တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူ ဒေါ်ဆက်မွန်အိ [၁၂/စခန(နိုင်)၀၆၀၉၄၀]မှ ရောင်းချခြင်းဖြင့်စီမံခန့်ခွဲခွင့်ရှိ ကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ကိုပြည့်ဖြိုးအောင် [၁၃/ကလတ(နိုင်)၀၅၈၀၈၆]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တဉ္ဇာဦး (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၃၁)**
**အမှတ်–၁၁၅၊ သုမိတ္တာ(၄)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၄၈၀၀၆၆၇၅**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။




**သက်ရှိကမ္ဘာ**
**ရှင်သန်ဖို့**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းစို့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ ၃၁ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၇၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဇ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၈) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၆၅၄၅၄၄) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၆၅၄၅.၄၄၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၄၅၈၁.၈၀၈**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | |
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | |
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၅) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | |
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၆၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၃၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | |
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၇၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁-၂၀၂၅) ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို နေ့လယ် (၀၂:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၆)၊ မြေကွက်အမှတ်(၃၈၅)၊ ဆုပြည့်ရတနာ(၁)လမ်း၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ (၁၂၀၀) စတုရန်းပေရှိ **ဦးပါရဲကစ္စနား**(TME-၀၃၃၂၀၂)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်စန်းစန်းအေး** [၁၂/တမန(နိုင်)၀၂၈၄၅၀]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မြမြမွန်** [၇/ပခတ(နိုင်)၀၈၉၉၃၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ်(၇၅၉/ခ)၊ မာဃ(၇)လမ်း၊ (၆)ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာ၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား **ဒေါ်ခိုင်ခိုင်ဦး**[၁၂/သဃက (နိုင်)၁၆၂၁၇၆]မှ မိမိဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဝင်းစန္ဒာမြင့်**[၁/မညန(ပြု)၀၀၀၄၈၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းစန္ဒာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ အိပ်ချ်)၊ မြေကွက်အမှတ်(၁၀၃)၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အိမ်အမှတ်(၁၈)၊ ဗိုလ်ထွန်းလင်းလမ်း၊ အကျယ်အဝန်း ဧရိယာ (၀.၀၁၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် (၁)**ဒေါ်အေးအေးခိုင်**[၁၂/တမန(နိုင်)၀၆၈၂၂၅] နှင့် (၂)**ဦးအေးချို**[၁၂/ဗဟန(နိုင်)၀၇၃၂၀၇]တို့ (၂)ဦးအမည်ပေါက်တည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်အေးအေးမော်**[၁၀/မလမ(နိုင်)၁၇၄၁၇၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်စစ်မင်း [၁၂/ဥကမ(နိုင်)၂၀၂၂၅၆]နှင့် ဒေါ်ဟေမာန်နှင်း [၁၂/သကတ(နိုင်)၁၈၃၆၆၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေများသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံး၌ တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယနေ့အချိန်တွင် (၂)နှစ်အရွယ်သမီးလေးတစ်ဦး ထွန်းကားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများမှာ ကောင်းသောဂုဏ်သတင်းဖြင့် ရပ်တည်နေထိုင်သူများဖြစ်ပြီး မည်သည့် လူမှုရေး၊ စီးပွားရေး အရှုပ်အရှင်းများ ကင်းရှင်းသူများ ဖြစ်ကြပါသည်။ ထိုသို့နေထိုင်ကြသော ကျွန်ုပ်မိတ်ဆွေများအပေါ် Facebook စာမျက်နှာတွင် Account အတုများဖြင့် ကျွန်ုပ်မိတ်ဆွေများအား လူမှုရေး၊ စီးပွားရေး ထိခိုက်နစ်နာစေရန် ရည်ရွယ်လျက် မကောင်းသတင်းများလွှင့်ကာ လိုက်လံနှောင့်ယှက်နေကြောင်း ကြားသိရပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ရည်ရွယ်လျက် Facebook,Messenger, Messenger Group, Viber Group, Tiktok, Line, Wechat စသော Social media အမျိုးမျိုးတွင် မဟုတ်မမှန်လုပ်ကြံပြောဆိုဖြန့်ဝေကာ စွပ်စွဲပြောဆိုနေသူမည်သူမဆို ထပ်မံတွေ့ရှိရပါက သုံးစွဲသည့် Account များအား စုံစမ်းဖော်ထုတ်ကာ တည်ဆဲဥပဒေများဖြစ်သော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအပြင် ပြစ်မှုကြောင်း၊ တရားမကြောင်းများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဖြိုးဝေ (စဉ်-၁၇၄၆၁)** **ဒေါ်အိအိခင် (စဉ်-၉၇၉၅)**
**LL.B** **LL.B, LL.M, D.M.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊ အနော်ရထာလမ်း၊ (၈)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၄၁၀၆၊ ၀၉-၇၉၅၃၇၅၉၃၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျေးရွာ၊ ဒလ-တွံတေးကားလမ်းကြီး၊ ကွင်းအမှတ်-၁၀၈၊ ကွင်းအမည်-ရန်ကုန်ပေါက်၊ ဦးပိုင်အမှတ်-၂၆/၅၉၊ ဧရိယာ(၀.၃၀)ဧက ကျယ်ဝန်းသောခြံမြေကွက်နှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်အေးသန္တာစိုး [၁၂/အစန(နိုင်)၂၀၂၆၂၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းရီ [၁၃/ကမန(ပြု)၀၀၀၂၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ယင်းခြံမြေကွက်ရောင်းဖိုးငွေ၏ လေးပုံ/သုံးပုံခန့်ကို ရောင်းချသူထံပေးချေ၍ တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် ကြေးတိုင်ဦးစီးဌာနတွင် မြေစာရင်းပုံစံ-၈ အခွန်ပြေစာကို ဝယ်ယူသူ ဒေါ်စန်းရီ [၁၃/ကမန(ပြု)၀၀၀၂၉၂]အမည်ဖြင့် ထုတ်ယူထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ခြံမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အဆိုပါမြေကွက်ကို ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇင်(LL.B)** **ဒေါ်သင်းသင်းထွေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၇၄၇)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၇၄)**
**ဖုန်း-၀၉-၇၅၉၀၄၀၆၆၅** **ဖုန်း-၀၉-၂၅၄၅၃၀၈၁၂**
**အမှတ်-၁၄၂၊ ပထမထပ်၊ (၃၉)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ်(၄၂)၊ ပျားရည်ကုန်းလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-စီ)၊ မြေကွက်အမှတ်(၁၆၅)၊ မြေဧရိယာ(၀.၀၃၁)နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်မြေစာရင်းတွင် ဒေါ်မြသိန်း[၁၂/တမန(နိုင်)၀၀၅၈၄၆]ကိုင်ဆောင်သူအမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ(သမီး)ဖြစ်သူ ဒေါ်ဝင်းဝင်းမြင့်[၁၂/တမန(နိုင်)၀၀၅၈၄၅]ကိုင်ဆောင်သူမှ မိခင်ဖြစ်သူ၏ သဘောတူညီခွင့်ပြုချက် ရယူထားခြင်းမရှိဘဲ မိမိသဘောအလျောက် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းတို့နှင့်ပတ်သက်၍ မိခင်ဖြစ်သူမှ အလုံးစုံကန့်ကွက်ပါသည်။ နောက်နောင်ဖြစ်ပေါ်လာသော ပြဿနာတစ်စုံတစ်ရာကိုမျှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း တာဝန်ယူမည်မဟုတ်ကြောင်း ၊ အထွေထွေကိုယ်စားလှယ်လွှဲစာမှာလည်း မိခင်ဖြစ်သူမှာ အသက်အရွယ်ကြီးနေ၍ ရုံးကိစ္စဆောင်ရွက်ရန်အတွက်သာ လွှဲပြောင်းထားခြင်းဖြစ်ကြောင်း၊ မြေကွက်အဆောက်အဦနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိကြောင်းကိုလည်း အများသိရှိစေရန် အတိအလင်းသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြသိန်း [၁၂/တမန(နိုင်)၀၀၅၈၄၆]**
**အမှတ်(၄၂)၊ ပျားရည်ကုန်းလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၃၀

| | |
|---|---|
| ဟားခါး | ၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |

## ဝက်စ်ဟမ်းအသင်းကိုအနိုင်ရပြီး လီဗာပူးအသင်း ဇယားထိပ်၌ ရှစ်မှတ်ဖြတ်ဖြင့်ဆက်လက်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ်(၁၉)ရဲ့ ဒီဇင်ဘာ ၂၉ ရက်ညပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝက်စ်ဟမ်းအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ငါးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရှစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

**ဦးဆောင်ဂိုးစတင်ရရှိ**

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းဟာ လူးဝစ်ဒိုင်ယက်ဇ်ရဲ့ သွင်းဂိုးမရရှိမီ ဂိုးရရှိနိုင်မယ့်အခွင့်အရေး အကြိမ်ရေများစွာရရှိခဲ့ပေမယ့် ဂိုးရရှိခဲ့ခြင်းမရှိခဲ့ဘဲ ပထမပိုင်းပွဲကစားချိန် မိနစ် ၃၀ ရောက်မှသာ လူးဝစ်ဒိုင်ယက်ဇ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ အခြားသောသွင်းဂိုးတွေကို မိနစ် ၄၀ မှာ ဂက်ပိုကတစ်ဂိုး၊ ၄၄ မိနစ်မှာ

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖



လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများ ဇန်နဝါရီ ၁၀ ရက် ပြန်လည်ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃၀

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း၏ ASEAN Cup ပြိုင်ပွဲကြောင့် နိုဝင်ဘာနောက်ဆုံးပတ်ကတည်းက ရပ်နားထားပြီး တစ်လကျော်ရပ်နားပြီးနောက် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁၄)အထိသာ ကျင်းပပြီးစီးထားသောကြောင့် ပွဲစဉ်ရှစ်ခု ထပ်မံကျင်းပရမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁ ရက်အတွင်း အပြီးကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁၄)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၄ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၃၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၉ မှတ်၊ အား/ကာသိပွဲအသင်းက ၂၃ မှတ်၊ မဟာယူနိုက်တက်နှင့်

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○




ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပထမအကျော့တွေ့ဆုံခဲ့စဉ်။

## ၃၀ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၂၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ယနေ့** ဖတ်စရာ

AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန် စာမျက်နှာ » ၁၀

တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၂၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ စာမျက်နှာ » ၁၅

၂၀၂၄ ခုနှစ်သည် ရာသီဥတုဖောက်ပြန်မှုအများဆုံး ကြုံတွေ့ရသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ပြောကြား စာမျက်နှာ » ၂၂